မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၆ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၇၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းအတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းအင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းအတွင်း B.O.T (Build Operate Transfer) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အမှာစကား ပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းအတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)ဒုတိယအင်ဂျင်နီယာချုပ်(လမ်း)၊ ဒုတိယအင်ဂျင်နီယာချုပ်၊ ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး၊ ခရိုင်အင်ဂျင်နီယာမှူးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်

စာမျက်နှာ ၃ ကော်လံ ၃ ✻

မြန်မာဒီမိုကရေစီကွန်ဂရက်ပါတီအား

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၇/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၇၇/၂၀၁၀)
၁၃၇၂ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်)

မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress) ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ရွှေဂုံတိုင်တာဝါ၊ တိုက် (အေ)၊ အခန်း(၃၀၅)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress) ပါတီအား ၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၅ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress) ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၃၄)ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြို့တိုင်းရင်းသားပါတီအား

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၈/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၇၈/၂၀၁၀)
၁၃၇၂ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ရက်
(၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၅ရက်)

မြို့တိုင်းရင်းသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ စက်ရုံစုရပ်ကွက်၊ ကုန်သည်လမ်း၊ အိမ်အမှတ် (၆၂၅)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော မြို့တိုင်းရင်းသားပါတီအား ၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၅ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြို့တိုင်းရင်းသားပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၃၅)ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၆ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဝိုင်းဝန်းတည်ဆောက် ဖွံ့ဖြိုးတိုးတက်မှုများကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း လမ်း၊ တံတားများကို နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အမျိုးသားရေးအမြင်ဖြင့် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးလျက်ရှိသည်။ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည်လည်း အဓိကကဏ္ဍမှ ပါဝင်သည်။

လမ်း၊ တံတားများ တိုးမြှင့်ဖောက်လုပ်၊ ဆောက်လုပ်ပေးလျက်ရှိရာ၌ နေပြည်တော်တပ်ကုန်းမြို့နယ် ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့) အပိုင်း ၂၀ မိုင် ၃ဖာလုံ ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်လ ၃ရက်နေ့က အဆိုပါလမ်းမိုင်တိုင်အမှတ် (၀/၁)ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ယင်းကတ္တရာလမ်းသည် နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ဆက်စပ်ပေးသည့် အဓိကလမ်းမကြီးဖြစ်သည်။ ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)အပိုင်းသည် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းတစ်ခုရရှိခြင်းဖြစ်သည်။ ယခင်က ဖွင့်လှစ်ခဲ့သည့် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းသည် မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားပြီး ယခုဖွင့်လှစ်ခဲ့သည့် ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)လမ်းအပိုင်းနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သွားခဲ့သဖြင့် မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ တစ်ဆက်တည်း သွားလာနိုင်ပြီဖြစ်သည်။

ပျဉ်းမနား-ပင်လောင်းလမ်းသည် လမ်းမိုင်အရှည် ၇၀မိုင် ၂ဖာလုံရှိပြီး ယခု(ကင်းသာ-ကိုးကွေ့) အပိုင်း ၂၀မိုင် ၃ဖာလုံကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်း လမ်းကွန်ရက်များကို ဖောက်လုပ်ပေးသကဲ့သို့ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့်မြစ်ကြီးများကိုလည်း တံတားများ တည်ဆောက်ပေးလျက်ရှိသည်။ ယခုကဲ့သို့ လမ်း၊ တံတားများ တိုးချဲ့ဖောက်လုပ်ပေးသည်နှင့်အမျှ ပြည်နယ်နှင့် တိုင်းရှိ ဒေသများသည် တစ်ဆက်တစ်စပ်တည်း အချိတ်အဆက်ရှိရှိ ဆက်သွယ်သွားလာ လွယ်ကူမြန်ဆန်လာခဲ့သည်။

နိုင်ငံတော်အစိုးရသည် ငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံ၍ ဖောက်လုပ်တည်ဆောက်ပေးခြင်းသည် ပြည်ထောင်စုတစ်ဝန်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကူးသန်းဆက်သွယ်မှုများ တိုးတက်များပြားလာ၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို တိုးတက်ဖြစ်ထွန်းစေမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူများသည် ရရှိပြီးဖြစ်သော ရလဒ်ကောင်းများကိုအခြေခံ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းတည်ဆောက်သွားကြရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများကို သားစဉ်မြေးဆက် ဝိုင်းဝန်းထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ယဉ်ကျေးမှုဝန်ကြီးဌာနရုံးရှေ့၌ကျင်းပ

နေပြည်တော် ဇူလိုင် ၅

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၄ရက် ညနေ ၄နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာနရုံးရှေ့၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်၍ စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက စိန်တစ်လုံးသရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးသည် စိုက်ကွက်များအတွင်း နှစ်ရှည်သီးပင်၊ စားပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

စိုက်ပျိုး

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက်ပင် စုစုပေါင်း ၆၇၀ စိုက်ပျိုးပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက်ပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ပုသိမ်ဆေးရုံကြီး၌ ဆေးဝါးများလှူဒါန်း

ပုသိမ် ဇူလိုင် ၅

ဧရာဝတီတိုင်း ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ရတနာ့မေတ္တာအဖွဲ့နှင့် Save the Children အဖွဲ့တို့မှ ဆေးဝါးများလှူဒါန်းပွဲကို ဇူလိုင် ၂ရက် ညနေ ၃နာရီက ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ရုံးခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်သင်း၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဆွေဆွေမြင့်၊ တိုင်းလူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်အေးသိန်းနှင့် အလှူရှင်များ တက်ရောက်သည်။

ထို့နောက် လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ရတနာ့မေတ္တာအဖွဲ့ တိုင်းတာဝန်ခံ (ပုသိမ်)ဒေါ်ဥမ္မာကြည်နှင့် Save the Children အဖွဲ့ တိုင်းတာဝန်ခံ (ပုသိမ်) ဒေါ်သိင်္ဂီဟန်တို့က ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အထွေထွေရောဂါကုဆေးရုံကြီး တိုင်းဆေးရုံအုပ်ကြီး ဒေါက်တာအောင်သင်းနှင့် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဆွေဆွေမြင့်တို့က လက်ခံယူခဲ့သည်။ (ဝဲပုံ)

(ခရိုင် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဘဝထဲမှာအနှစ်ရှာ** တရားတော် (ဆရာတော်အရှင်လာဘ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၈)
၈:၃၀ Activities in the City
- BDA နှင့် ASEAN တို့ ပူးပေါင်းသည့် ကွမ်းခြံကုန်းမြို့ ASEAN Project အခမ်းအနား
- အမက(၁၅) မြောက်ဥက္ကလာပ၏ အာစရိယပူဇော်ပွဲ

၉:၀၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ နိုင်ငံတကာဆုရ မြန်မာ့တိုင်းရင်း အလှမွေးငါးများ
၉:၂၀ ပန်းတိုင်အထွက်တိုးစေဖို့.... နွေနှမ်းစိုက်ကြစို့
၉:၃၅ Cartoon Show Time (TARO the Dragon Boy)
၁၀:၁၅ Antioxidant နှင့်ပတ်သက်သော အကျိုးအပြစ်များ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
၁၀:၄၅ Sports Diary
၁၁:၁၀ **ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)]
၁၁:၂၅ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ....
၁၁:၃၅ မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၁၂:၀၅ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသ ဟင်းထုပ်
၁၂:၁၀ ဥယျာဉ်မှူးတို့အစွမ်းဖြင့် ပွင့်လန်းလာမည့် ပန်းကလေးများ
၁၂:၃၀ ရန်ကုန်မြင်ကွင်းကျယ် (အပြည်ပြည်ဆိုင်ရာကလေးများနေ့ သွေးလှူဒါန်းပွဲ)
၁၂:၄၀ သင်ကြားရေးလမ်းညွှန် (Talents & Model)
၁:၀၀ **ဘဝထဲမှာအနှစ်ရှာ** တရားတော် (ဆရာတော်အရှင်လာဘ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-1)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၈)
၄:၂၀ မူဟန်ကိုယ်စီ တေးကိုသီ
၄:၃၅ ရန်ကုန်မြင်ကွင်းကျယ် (အပြည်ပြည်ဆိုင်ရာကလေးများနေ့ သွေးလှူဒါန်းပွဲ)
၄:၄၅ ပန်းတိုင်အထွက်တိုးစေဖို့.... နွေနှမ်းစိုက်ကြစို့
၅:၀၅ Activities in the City
- BDA နှင့် ASEAN တို့ ပူးပေါင်းသည့် ကွမ်းခြံကုန်းမြို့ ASEAN Project အခမ်းအနား
- အမက(၁၅) မြောက်ဥက္ကလာပ၏ အာစရိယပူဇော်ပွဲ

၅:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၈)
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဟိုတယ်လမ်းညွှန် (Mandalay Hill)
၆:၄၀ အလှဆင်စရာ ပရိဘောဂကမ္ဘာ (Pannhayin Handicrafts & Furniture)
၆:၅၀ Zaw Win Htut Emperor 25th Anniversary Live Show (Part-1)
၈:၀၀ MRTV-4 သတင်း
၈:၃၀ World of Knowledge (Asia's Titanic)
၉:၃၀ Celebrity Style (စန္ဒာဝင်း)
၁၀:၀၀ Sunday Talk
၁၀:၅၀ Cartoon Show Time (TARO the Dragon Boy)
၁၁:၃၀ Celebrity Style (စန္ဒာဝင်း)
၁၁:၄၅ Sports World
၁၂:၀၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ နိုင်ငံတကာဆုရ မြန်မာ့တိုင်းရင်း အလှမွေးငါးများ
၁၂:၂၅ လှော်ကားဥယျာဉ်မှာ အပန်းဖြေရင်း သုတရှာမှီးမယ်
၁၂:၃၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများကို မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန်၂၆ရက်က မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မိုးကောင်းမြို့နယ် တောင်နီကျေးရွာနှင့် နမ္မနကျေးရွာကြား ရွှေဘို-မြစ်ကြီးနားလမ်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး

မိုးကောင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေမှု ကြည့်ရှုအားပေး နန့်စီးအောင်-မိုးကောင်း-နမ္မတီး လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂ရက်တွင် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ ကျွန်းပင်သာကျေးရွာနှင့် ရေရှင်ကျေးရွာများ၏ တိုးတက်နေမှုများကိုလည်းကောင်း၊ မိုးကောင်းတံတား ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေနှင့် မိုးကောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုလည်းကောင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထို့နောက် မိုးကောင်းမြို့ ခုတင် ၅၀ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးက ဆေးရုံအတွင်းရှိ သားဖွားခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသား၊ အမျိုးသမီးလူနာဆောင်များနှင့် ဆေးသိုလှောင်ခန်း၌ ဆေးဝါးများ သိုလှောင်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများပေးအပ်လှူဒါန်း၍ တာဝန်ရှိသူတစ်ဦးက ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့သည့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာအုပ်စုရှိ တောင်သူတစ်ဦး၏ ဆင်း ဧကရီ (၃)စပါးမျိုး မိုးစပါးစပေါင်း ထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးရာ မိုးညှင်းခရိုင် စိုက်ပျိုးရေးမန်နေဂျာက မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက တစ်ဧကေ အထွက်နှုန်း တင်း ၁၀၀ကျော် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်၍ ဒေသခံပြည်သူများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းပေးသည်။

ထို့နောက် နန့်စီးအောင်-မိုးကောင်း-နမ္မတီးလမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူက လမ်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လမ်းလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မိုးကောင်းမြို့နယ် တောင်နီကျေးရွာနှင့် နမ္မနကျေးရွာအကြား လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နမ္မနကျေးရွာ၊ သိုက်ဝါးကုန်း ကျေးရွာနှင့် အင်ကြင်းကုန်း ကျေးရွာများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ရွှေဘို-မြစ်ကြီးနားလမ်း ကြံ့ခိုင်ကောင်းမွန်မှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စုရှိ တောင်သူတစ်ဦး၏ ဆင်းဧကရီ (၃)စပါးမျိုး မိုးစပါးစပေါင်းထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက် စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကို ဆွေးနွေးမှာကြား၍ မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေမှုများကို ကြည့်ရှုအားပေးကာ ကောက်စိုက်သမများအတွက် ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ဟိုပင်မြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ နန့်ခွင်တံတား တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားဆောက်လုပ်ရေးစီမံကိန်း တာဝန်ရှိသူက ကမ်းကပ်ခုံ(A1,A2)နှင့် ရေလယ်တိုင် (P1,P2,P3)များ တည်ဆောက်ပြီးစီးမှုနှင့် ချဉ်းကပ်လမ်းမြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များမှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဟိုပင်မြို့ရှိ ဟိုပင်တံတားနှင့် မိုးညှင်းမြို့ရှိ မိုးညှင်းတံတားတို့၏ ကြံ့ခိုင်ကောင်းမွန်မှုနှင့် မြို့၊ ရွာများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇူလိုင် ၃ရက်တွင် မိုးညှင်းမြို့ ခုတင် ၁၀၀ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးက ဆေးရုံ တိုးချဲ့ဆောင်ရှိ ခွဲစိတ်ခန်း၊ ကလေးလူနာဆောင်၊ အမျိုးသား အမျိုးသမီးခွဲစိတ်ကုသဆောင်များနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့်နေရာတို့ကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက စံပြဆေးရုံတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဆေးဝါးကုသမှု ခံယူနေကြသည့် လူနာများအား ကြည့်ရှုအားပေးပြီး ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်၍ တာဝန်ရှိသူတစ်ဦးက ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့်ဆေးဝါးများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မိုးညှင်းမြို့ရှိ မိုးညှင်းဒီဂရီကောလိပ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ်က Computer Training Centre(1)၊ ရူပဗေဒလက်တွေ့ စမ်းသပ်ခန်း၊ ဓာတုဗေဒ လက်တွေ့စမ်းသပ်ခန်းနှင့် Language Lab တို့၌ ကျောင်းသားကျောင်းသူများအား စာတွေ့၊ လက်တွေ့ ပို့ချသင်ကြားပေးနေမှုများကို လိုက်လံရှင်းလင်းပြသ၍ ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ဆရာ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုးညှင်းမြို့တွင်းလမ်းများ ကောင်းမွန်မှု၊ မြို့သန့်ရှင်း သာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်နေမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာရှိ ၁၈ခုတင်ဆံ့ ပင်းဘောတိုက်နယ်ဆေးရုံသို့ရောက်ရှိရာ တိုက်နယ်ဆရာဝန်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးက ဆေးရုံအတွက် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်၍ တာဝန်ရှိသူတစ်ဦးနှင့် ကျေးရွာရပ်မိရပ်ဖများက ဆေးဝါးနှင့် ECG စက်တစ်လုံးတို့ကို ဆေးရုံအုပ်ထံ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရွှေဘို-မြစ်ကြီးနားလမ်းအတိုင်း ထွက်ခွာလာရာ နမ္မနကျေးရွာအနီး လမ်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ဆားမော်ကျေးရွာအုပ်စု၏ မိုးစပါးစိုက်ပျိုးပြီးစီးမှုများနှင့် ဆားမော်မြို့ ဖွံ့ဖြိုးတိုးတက်နေမှုများကို လည်းကောင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆားမော် ၁၆ခုတင်ဆံ့ တိုက်နယ် ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူတစ်ဦးက ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သော ဆေးဝါးများကို ဆေးရုံအုပ်ထံ ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ဥတ္တရာသီ တောကိုမှီ၏

သစ်ပင်စိုက်ပျိုး အလှတိုး

❒ သစ်တောကိုခင်
သစ်ပင်ကို ချစ်မြတ်နိုး၊
ကိုယ့်နယ်မြေ ကိုယ့်ဒေသ
အလှဖွံ့ဖြိုး။

❒ ပျိုးချိန်ပျိုး စိုက်ချိန်စိုက်
သည်တစ်ဝိုက် သည်နယ်မြေ၊
တောတစ်ခွင် တောင်စဉ်တန်း
စိမ်းလန်းစည်ဝေ။
ငှက်ကျေးတို့ တေးသီခြွေ
စမ်းပြာရေ စီးသံညှင်း၊
တောပန်းစုံ လေချိုသွေး
မွှေးပျံ့ပျံ့သင်း။

❒ သည်နယ်မြေ သည်ဒေသ
သည်အလှ သည်ဝန်းကျင်
အေးချမ်းရိပ်ထင်။
အမြင်ပသာဒလျှင်
အစဉ်ထာဝရပင်
မြရွှေရင် ပီတိလိမ်း။
သစ်တောနှင့် သစ်ပင်
ရှင်သန်အောင် ဒို့စိုက်ပျိုး
တိုးပွားအောင်ထိန်း။ ။

သောင်းကိုကို

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

အဝလွန်မှုသတိပြု ကင်ဆာရောဂါဖြစ်နိုင်ဟုဆို

ကောင်းမြတ်သူ-ရေးသားသည်

ဟောင်ကောင် ဇူလိုင် ၅

ခန္ဓာကိုယ်အလေးချိန်လွန်ကဲခြင်း သို့မဟုတ် အဝလွန်ခြင်းသည် သာမန်ကိုယ်အလေးချိန်ရှိသူများနှင့်နှိုင်းယှဉ်လျှင် ကင်ဆာရောဂါဖြစ်နိုင်ခြေများကြောင်း အာရှလေ့လာဆန်းစစ်ချက်တစ်ရပ်တွင် တွေ့ရသည်။

ယုံကြည်

အဝလွန်ခြင်းသည် တစ်ချိန်က အနောက်နိုင်ငံများတွင် ကင်ဆာဖြစ်ပွားမှုနှင့်ဆက်စပ်နေကြောင်း လက်ခံထားသည့် အယူအဆများမှာ ယခုအခါ အာရှတိုက်၌လည်း လက်ခံယုံကြည်လာကြသည်။

သုတေသနပြု

သုတေသီများသည် လွန်ခဲ့သော လေးနှစ်က တရုတ်၊ တရုတ်(ထိုင်ပေ)၊ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့တွင် လူဦးရေ၄၀၁၂၁၅ ဦးတို့အား အဝလွန်ခြင်းနှင့် ကင်ဆာရောဂါ ဆက်စပ်ဖြစ်ပွားမှုအပေါ် သုတေသနပြုခဲ့ကြသည်ဟု ဆိုသည်။

၎င်းဆန်းစစ်လေ့လာမှုတွင် သာမန် ကိုယ်အလေးချိန်ရှိသူများနှင့် နှိုင်းယှဉ်ကြည့်ရာ အဝလွန်သူများမှာ ၂၁ရာခိုင်နှုန်း ကင်ဆာဖြစ်ရန် အလားအလာရှိပြီး ကိုယ်အလေးချိန်လွန်ကဲသူများမှာ ကင်ဆာဖြစ်ရန် ခြောက်ရာခိုင်နှုန်းအလားအလာ ရှိသည်ဟုဆိုသည်။

အဝလွန်သူများမှာ အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် သွေးကင်ဆာများ ဖြစ်တတ်ကြောင်း နော်ဝေ အော်စလိုတက္ကသိုလ်မှ ခရစ္စတီးပါးနှင့်အဖွဲ့က စစ်တမ်းထုတ်ထားသည်။

အင်တာနက်

တူးဖော်ဆောင်ရွက်

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်ရေးအတွက် ဆေးရုံလမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းအား အဖွဲ့ပိုင်စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်မှုကို ဇူလိုင် ၂ရက်က အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမျိုးသူ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

* ရှေ့ဖုံးမှ

ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)မှ ဒုတိယ အင်ဂျင်နီယာချုပ်(လမ်း)က B.O.T စနစ်ဖြင့်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ လိုက်နာဆောင်ရွက်ရမည့် ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကောက်ခံမှုနှုန်းထား

ယင်းနောက် ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီးက ရန်ကုန်တိုင်းအတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများနှင့် လမ်းများအခြေအနေ၊ လမ်းနှင့်တံတားများ အသုံးပြုကြေး ကောက်ခံမှုနှုန်းထား၊ နိုင်ငံတော်သို့ အခွန်ပေးသွင်းရမည့်စနစ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အခြေအနေ

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် အင်ဂျင်နီယာမှူးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်ဂျင်နီယာမှူးတို့က မိမိတို့ခရိုင်အတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော လမ်းများ၏ အခြေအနေနှင့် ပြုပြင်ရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယအင်ဂျင်နီယာချုပ်နှင့် ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်းအတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီများမှ တာဝန်ရှိသူများက မိမိတို့ကုမ္ပဏီအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်း/တံတားများ ပြုပြင်ထိန်းသိမ်းမွမ်းမံနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က လိုအပ်သည်များကို အကြံပြု ဆွေးနွေး တင်ပြသည်။ ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ် အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

အီရန်နှင့် ဆွေးနွေးပွဲပြုလုပ်ရန် အင်အားကြီးနိုင်ငံများ တိုက်တွန်းနှိုးဆော်

တီဟီရန် ဇူလိုင် ၅

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရန်နိုင်ငံအပေါ် မကြာမီက အရေးယူပိတ်ဆို့မှု ပြုလုပ်ခဲ့သည့် ဆုံးဖြတ်ချက်ချမှတ်လင့်ကစား အီရန်၏နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ ဆွေးနွေးပွဲအသစ်တစ်ရပ် ဆက်လက်ကျင်းပရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ဇူလိုင် ၄ရက်၌ တိုက်တွန်းနှိုးဆော်လိုက်သည်။

ဆွေးနွေး

အီရန်နိုင်ငံကို နောက်ထပ်ချဉ်းကပ်ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အမေရိကန် အထူးသံတမန် ဝီလီယံဘန်းက ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် ဥရောပသမဂ္ဂ (အီးယူ)တို့နှင့်ဆွေးနွေးရန် ဘရပ်ဆဲလ်သို့ ဇူလိုင် ၃ရက်က သွားရောက်သည်။

ကမ်းလှမ်း

နျူကလီးယားပြဿနာဆွေးနွေးရေးအတွက် ၎င်းတို့ကအီရန်နှင့်နောက်တစ်ကြိမ်တွေ့ဆုံရန် ကမ်းလှမ်းထားပြီး အီရန်အတွက် ဆွေးနွေးရန်လမ်းဖွင့်ထားသည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ မတ်တုန်နာက ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း

အာဖဂန်မှ နိုင်ငံစုံတပ်ဖွဲ့များ မဆုတ်ခွာလျှင် မည်သည့်ကမ်းလှမ်းချက်ကိုမျှ လက်မခံဟု တာလီဘန်တို့ဆို

ကဘူးလ် ဇူလိုင် ၅

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် နေတိုးအဖွဲ့အကြီးအကဲအဖြစ် မကြာသေးမီက ခန့်အပ်ခံရသည့် ဗိုလ်ချုပ်ကြီးဒေးဗစ်ပတ်ထရီယက်နှင့် ကဘူးလ်မြို့၌ တွေ့ဆုံဆွေးနွေးကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဇူလိုင် ၄ရက်က ဖော်ပြသည်။

ဗိုလ်ချုပ်ကြီး ပတ်ထရီယက်သည် အင်အား ၁၅၀၀၀၀ရှိ နေတိုးဦးဆောင်သောတပ်ဖွဲ့ကို ဦးစီးရန် အာဖဂန်နစ္စတန်သို့ ဇူလိုင်၃ရက်က ရောက်ရှိသည်။ ကြီးထွားလာသော တာလီဘန်အကြမ်းဖက်ပုန်ကန်မှုများကို တိုက်ခိုက်ချေမှုန်းအနိုင်ယူရန် ၎င်းအား တာဝန်များပေးအပ်ထားသည်။

အဆုံးသတ်ရေး

ယမန်နှစ် ဇူလိုင်လမှစတင်ကာ အာဖဂန်ရှိ အမေရိကန်တပ်များ တဖြည်းဖြည်းပြန်လည်ရုပ်သိမ်းရေးကို သူတာဝန်ယူမည်ဟု မျှော်မှန်းရသည်။ သမ္မတကာဇိုင်းသည် ကိုးနှစ်နီးပါး ရှည်ကြာသည့် ပြည်တွင်းစစ်ပွဲ အဆုံးသတ်ရေးအတွက် တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးခဲ့ပြီးဖြစ်သည်။ သို့သော် အာဖဂန်နစ္စတန်မှ နိုင်ငံစုံတပ်ဖွဲ့များ မဆုတ်ခွာလျှင် မည်သို့သော ကမ်းလှမ်းချက်ကိုမဆို လက်ခံရန် တာလီဘန်အဖွဲ့က ငြင်းဆိုထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တက္ကဆက်ပြည်နယ်၌ လေယာဉ်ပျက်ကျ၊ ငါးဦးသေဆုံး

ဟူစတန် ဇူလိုင် ၅

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ဇူလိုင် ၄ရက်က လူနာတင်လေယာဉ်ပျက်ကျခဲ့သဖြင့် ငါးဦးသေဆုံးခဲ့ကြောင်း ရဲအရာရှိများကပြောကြားသည်။

လေယာဉ်ပျက်ကျ

အဆိုပါ စက်နှစ်လုံးတပ်လေယာဉ်သည် တက္ကဆက်ပြည်နယ်အရှေ့ပိုင်း အယ်ပလိုင်ကတ်ပဲယာစ်လေဆိပ်မှ တစ်မိုင်ကွာဝေးသော မင်လန်ပြည်နယ်တွင်ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပေါ်ရှိ လေယာဉ်မှူးနှင့် လေယာဉ်သူနာပြုနှစ်ဦး အပါအဝင် အသက် ၇၈နှစ်အရွယ် ဆရာဝန်တစ်ဦးနှင့် သူ၏အမျိုးသမီးတို့ သေဆုံးခဲ့ကြသည်။

ပျက်စီး

လေယာဉ်မှူးက မြေပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားခဲ့သော်လည်း လေယာဉ်မှာပျက်ကျပြီး မီးလောင်ပျက်စီးသွားကြောင်း တက္ကဆက်ပြည်နယ် လုံခြုံရေးအရာရှိများက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ လေကြောင်းဆိုင်ရာပြတိုက်၌ ပြသထားသည့် တိုက်လေယာဉ်ပုံစံငယ်တစ်စင်းကို ဇူလိုင်၅ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ရဟတ်ယာဉ်တစ်စင်းဆယ်ယူ

တရုတ်တောင်ပိုင်း ဟောင်ကောင်ကမ်းလွန်၌ ပျက်ကျသွားသည့် ရဟတ်ယာဉ်တစ်စင်း ဆယ်ယူရေးလုပ်ငန်းဆောင်ရွက်နေသည်ကို ဇူလိုင် ၄ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

လက်ဘနွန်ထိပ်တန်း ရှီးယိုက်ခေါင်းဆောင် ဆေးရုံ၌ ကွယ်လွန်

ဘေရွတ် ဇူလိုင် ၅

လက်ဘနွန်နိုင်ငံတွင် ဟဇ်ဘိုလာအဖွဲ့ကို စတင်ထူထောင်ခဲ့သူ တစ်ဦးဖြစ်သည့် ထိပ်တန်းရှီးယိုက်ခေါင်းဆောင် ဂရင်းအယာတိုလာဖက်ဒရာလာမှာ ဘေရွတ်ဆေးရုံ၌ သေဆုံးသွားကြောင်း အင်တာနက်သတင်းတွင် ဇူလိုင် ၄ရက်က ဖော်ပြပါရှိသည်။

တက်ရောက်ကုသ

အယာတိုလာဖက်ဒရာလာမှာ ခန္ဓာကိုယ်မှသွေးယိုစီးမှုကြောင့် ဇူလိုင် ၂ရက်က ဘေရွတ်ဆေးရုံသို့ တက်ရောက်ကုသမှုခံယူခဲ့သည်။

ကွယ်လွန်ချိန်တွင် အသက် ၇၄နှစ်ရှိပြီဖြစ်သော အယာတိုလာဖက်ဒရာလာမှာ အရှေ့အလယ်ပိုင်းဒေသ၌ အမေရိကန်နိုင်ငံက စစ်သွေးဆာသည့် မူဝါဒကျင့်သုံးနေသည်ဟု ဝေဖန်ပြောကြားလေ့ရှိသူဖြစ်သည်။ **(အင်တာနက်)**

လက်ဘနွန်ရှိ ယူနီဖီးလ်တပ်ဖွဲ့အား ဆန့်ကျင်ဆန္ဒပြမှု စိုးရိမ်မကင်းဖြစ်ကြောင်း ကုလသမဂ္ဂညှိနှိုင်းရေးမှူး ထုတ်ဖော်ပြောကြား

ဘေရွတ် ဇူလိုင် ၅

လက်ဘနွန်နိုင်ငံတောင်ပိုင်းမှ ပြည်သူများက ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့အား ဆန့်ကျင်ဆန္ဒပြမှုအပေါ် ကုလသမဂ္ဂ လက်ဘနွန်ဆိုင်ရာ အထူးညှိနှိုင်းရေးမှူး မိုက်ကယ်ဝီလီယံက စိုးရိမ်မကင်းဖြစ်မိကြောင်း ဇူလိုင် ၄ရက်က ထုတ်ဖော်ပြောကြားသည်။

လက်ဘနွန်ရှိ ကုလသမဂ္ဂကြားဖြတ်တပ်ဖွဲ့(ယူနီဖီးလ်)၏ လွတ်လပ်စွာလှုပ်ရှားမှုချိုးဖောက်ခံရပြီး ကုလသမဂ္ဂတပ်ဖွဲ့ဝင် အကူအညီပေးနိုင်ငံများက ယင်းပြဿနာအပေါ် လုံးဝစိုးရိမ်မကင်းဖြစ်ရသည်ဟု မိုက်ကယ်ဝီလီယံက လက်ဘနွန်လွှတ်တော် ဥက္ကဋ္ဌဘာရီနှင့် တွေ့ဆုံ ဆွေးနွေးအပြီး ထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြထားသည်။

ယူနီဖီးလ်၏ လွတ်လပ်စွာလှုပ်ရှားမှုကို အပြည့်အဝလေးစားလိုက်နာရမည်ဟု မိမိတို့ အလေးအနက် တောင်းဆိုကြောင်း စသည်ဖြင့် ကြေညာချက်တွင် ပါရှိသည်။

ထုတ်ဖော်ပြောကြား

ယူနီဖီးလ်တပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှုကို ရှီးယိုက်မွတ်ဆလင်များ နေထိုင်သည့် တောင်ပိုင်းလက်ဘနွန်တွင် ဒေသခံများက နှောင့်ယှက်ခဲ့ပြီးနောက် ဖော်ပြပါအတိုင်း မိုက်ကယ်ဝီလီယံက ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

ဒဏ်ရာရရှိ

ဆန္ဒပြသူများက မောင်းနှင်လာသည့် ယူနီဖီးလ်မော်တော်ကားအား ခဲများဖြင့် ပစ်ခတ်ရာ တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

အမေရိကန် နယ်စပ်အနီး မူးယစ်ဂိုဏ်း အချင်းချင်းပစ်ခတ် ၂၁ဦးသေဆုံး

မက္ကဆီကိုစီးတီး ဇူလိုင် ၅

မက္ကဆီကိုနိုင်ငံနှင့် အမေရိကန်နိုင်ငံ နယ်စပ်အနီးတွင် မူးယစ်ဆေးဝါးဂိုဏ်းဟု သံသယမကင်းသူများ အချင်းချင်း သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ၂၁ဦးသေဆုံးကြောင်း အင်တာနက်သတင်း၌ ဇူလိုင်၄ရက်က ဖော်ပြသည်။

ပြောကြား

အမေရိကန်နယ်စပ်ရှိ မက္ကဆီကိုနိုင်ငံ ဆိုနိုရာပြည်နယ်တွင် ဇူလိုင်၂ရက်က ပစ်ခတ်မှုဖြစ်ပွားခြင်းဖြစ်သည်ဟု တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

ပစ်ခတ်

ပစ်ခတ်မှုဖြစ်ပွားစဉ်အတွင်း ကိုးဦး ဖမ်းဆီးခံရပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ပစ်ခတ်မှုကြောင့် ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။

မူးယစ်ဆေးဝါးရောင်းဝယ်သူများဟု သံသယမကင်းသူများထံမှ ရိုင်ဖယ်သေနတ် ခုနစ်လက် သိမ်းဆည်းရမိသည်ဟု အယ်လ်ဂျာဇီးယားသတင်းဌာနက ဖော်ပြသည်။

ထိန်းချုပ်

အဆိုပါမူးယစ်ဆေးဝါးဂိုဏ်းများက နယ်မြေထိန်းချုပ်နိုင်ရန် တိုက်ခိုက်ကြခြင်း ဖြစ်သည်။ ယင်းဒေသသည် ယခုအခါ အဓိက မူးယစ်ဆေး ရောင်းဝယ်ရာလမ်းကြောင်း ဖြစ်သည်။

(အင်တာနက်)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး၌ ဘတ်စ်ကားတစ်စီး တံတားပေါ်မှ ထိုးကျမှုဖြစ်ပွားသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆိုးလ်မြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး တံတားပေါ်မှ ဘတ်စ်ကားထိုးကျ၊ ၁၂ဦးသေဆုံး

ဆိုးလ် ဇူလိုင် ၅

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အင်ချွမ်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးရှိ တံတားပေါ်မှ ဘတ်စ်ကားတစ်စီးထိုးကျရာ ခရီးသည် ၁၂ဦးသေဆုံးသွားကြောင်း ဇူလိုင် ၄ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုးကျ

ယင်းဘတ်စ်ကားသည် အရှိန်ဖြင့် မောင်းနှင်လာစဉ် ရပ်ထားသော မော်တော်ယာဉ်တစ်စီးကို ရှောင်ရှားရန်ကြိုးစားရာမှ ပေ ၃၀အမြင့်ရှိသည့် အဆိုပါတံတားပေါ်မှ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ထိုးကျသွားခဲ့သဖြင့် ၁၂ဦးသေဆုံးပြီး ၁၂ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။

ထုတ်ပြန်ကြေညာ

သေဆုံးသူများမှာ မည်သည့်နိုင်ငံသားများဖြစ်သည်ကိုမူ ပြည်နယ်သတင်းဌာနက ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။ **(အင်တာနက်)**

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

ယူဂိုဆလပ်စစ်ပွဲများ (၁၉၉၁-၁၉၉၅)

တိုး-ရေးသားသည်

ယူဂိုဆလပ်စစ်ပွဲများမှာ ယူဂိုဆလားဗီးယားဆိုရှယ်လစ်ပြည်ထောင်စုသမ္မတ နိုင်ငံဟောင်းတွင် ၁၉၉၁ခုနှစ်နှင့် ၁၉၉၅ခုနှစ်အကြားတွင် ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့သည်။ ဤစစ်ပွဲများအတွင်း စစ်ရာဇဝတ်မှုများကျူးလွန်သဖြင့်လည်း နာမည်ဆိုးဖြင့်ကျော်စောနေခြင်းဖြစ်သည်။ ထိုအထဲ လူမျိုးတုံးအောင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများလည်း ကျူးလွန်ခဲ့သည်။

လူမျိုးရေးပဋိပက္ခများတွင် ဆားဘ်များနှင့် လူနည်းစု မွန်တီနီဂရိုးများက တစ်ဖက်၊ ခရိုအက်များ၊ ဘော့စနီအက်များနှင့် လူနည်းစု ဆလိုဗက်များက တစ်ဖက် တိုက်ခိုက်သတ်ဖြတ်ရုံမျှမက၊ ဘော့စနီးယား၌ ဘော့စနီးယားအုပ်စုချင်း သီးခြားပဋိပက္ခ အပြင် ခရိုအက်များနှင့် ဘော့စနီအက်များအကြား ပေါ်ပေါက်လာသည့် ပဋိပက္ခလည်း ရှိပြန်သည်။

အဆုံးသတ်

ယူဂိုဆလပ်စစ်ပွဲများမှာ အဆင့်အမျိုးမျိုးတွင် ပြီးဆုံးသွားသည်ကို တွေ့ရပြန်သည်။ ယင်းသို့ဖြစ်ရသည်မှာ အချုပ်အခြာအာဏာပိုင်နယ်မြေသစ်များကို နိုင်ငံတကာက အသိအမှတ်ပြုခြင်းဖြင့် စစ်ပွဲများ အဆုံးသတ်သွားကြခြင်းဖြစ်သည်။

ယူဂိုဆလားဗီးယားဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံကို ထူထောင်သည့် ယူဂိုဆလပ်ခေါင်းဆောင် ဂျိုးဇက်ဘရွန်တီတိုးမှာ ၁၉၈၀ပြည့်နှစ်တွင် ကွယ်လွန်သည်။ နောက်တစ်နှစ်တွင် ဤနိုင်ငံ၏ စီးပွားရေးအကျပ်အတည်း စတင်ပေါ်ပေါက်တော့သည်။ ကိုဆိုဗို၌ ကန့်ကွက်ဆန္ဒပြမှုများရှိလာသည်။ နိုင်ငံအတွင်း တင်းမာမှုများ တစ်စတစ်စ ကြီးထွားလာရာ ၁၉၉၀ပြည့်နှစ်မှာ စစ်ဖြစ်မည့်အရိပ်အယောင်များပေါ်လာသည့် အချိန်အခါဖြစ်သည်။

ပြိုကွဲ

စီးပွားရေးယိမ်းယိုင်သည့်အထဲ လူမျိုးရေးပြဿနာများက ခေါင်းထောင်လာသည်ကို တွေ့နိုင်သည်။ ယူဂိုဆလားဗီးယားကွန်မြူနစ်ပါတီ (၁၄)ကြိမ်မြောက် အထူးညီလာခံကို ၁၉၉၀ပြည့်နှစ် ဇန်နဝါရီလတွင် ကျင်းပသည့်အခါ ဆားဘီးယား ကြီးစိုးသည့်ညီလာခံက တစ်ပါတီစနစ်ဖျက်သိမ်းရေးကို သဘောတူလိုက်သည်။ သို့သော် ဆားဘီးယားကွန်မြူနစ်ပါတီအဖွဲ့ချုပ်၏လက်အောက်ခံ ဆားဘီးယားပါတီ ခေါင်းဆောင် မီလိုဆီဗစ်က သူ့သြဇာသုံးပြီးတားဆီးသည်။ သို့ဖြင့် ခရိုအက်ပါတီ ကိုယ်စားလှယ်များနှင့် ဆလိုဗက်ပါတီ ကိုယ်စားလှယ်များက ပါတီညီလာခံမှ သပိတ်မှောက် ထွက်ခွာသွားပြီး ပါတီပြိုကွဲသွားရသည်။

ထို့နောက် နိုင်ငံတစ်ဝန်း ပထမဆုံးသော ဒီမိုကရေစီရွေးကောက်ပွဲများကျင်းပရာ သမ္မတနိုင်ငံအားလုံးလိုလိုတွင် အမျိုးသားရေးပါတီများက အနိုင်ရသည်။

ဘဲလဂရိတ်မြို့တော်၌ မီလိုဆီဗစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများရှိလာသည်။ ဖရန်ဂျိုသူမင် ဦးဆောင်သော လောလောလတ်လတ်ရွေးချယ်ခံရသည့် ခရိုအက်အစိုးရကို ခရိုအက်ဆားဘ်များက စတင်ပုန်ကန်သည်။ ကိုဆိုဗို၌ အယ်ဘေးနီးယားသတ္တုတွင်းသမားများက သပိတ်မှောက်သည်။

အားပေး

၁၉၉၁ခုနှစ်အတွင်း ဆလိုဗေးနီးယားနှင့် ခရိုအေးရှားတို့က ဇွန်လတွင်လည်းကောင်း၊ မက်ဆီဒိုးနီးယားက စက်တင်ဘာလတွင်လည်းကောင်း လွတ်လပ်ရေးကြေညာကြသည်။ ဆလိုဗေးနီးယားတွင် ၁၀ရက်ကြာစစ်ပွဲဖြစ်ပွားသည်။ ယူဂိုဆလားဗီးယားတပ်မတော်က ဆလိုဗေးနီးယားမှ ထွက်ခွာပေးသော်လည်း ဆားဘ်သူပုန်များကို အားပေးသည်။

တစ်ချိန်တည်းမှာပင် ခရိုအေးရှား၌ လွတ်လပ်ရေးစစ်ပွဲ စတင်သည်။ ခရိုအေးရှားမှ ဆားဘ်ဒေသများကလည်း လွတ်လပ်ရေးကြေညာသည်။ သို့သော် ဘဲလဂရိတ်ရှိ ယူဂိုဆလားဗီးယားအစိုးရကသာ ယင်းကို အသိအမှတ်ပြုသည်။ ဗူကိုဗာ၊ ဒူဘရိုနစ်နှင့် အိုဆီဂျက်မြို့များမှာ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသဖြင့် ပျက်စီးကုန်သည်။ ခရိုအေးရှား တစ်နိုင်ငံလုံး ဆားဘ်တပ်ဖွဲ့ဝင်များ၏ပယောဂကြောင့် ခရိုအက်နှင့် အခြားလူမျိုးများ ၄၀၀၀၀၀ကျော်တို့ အိုးအိမ်စွန့်ခွာထွက်ပြေးကြရသည်။

ကြေညာ

၁၉၉၂ခုနှစ်တွင် ဘော့စနီးယားက လွတ်လပ်ရေးကြေညာသည်။ သို့ဖြင့် ဘော့စနီးယားစစ်ပွဲ စတင်တော့သည်။ ဆားဘီးယားနှင့် မွန်တီနီဂရိုးသမ္မတနိုင်ငံ နှစ်နိုင်ငံသာ ကျန်ရှိသည်တွင် ထိုသမ္မတနှစ်နိုင်ငံပေါင်းကို ယူဂိုဆလားဗီးယားပြည်ထောင်စုသမ္မတ နိုင်ငံဟု ကြေညာသည်။

ဆားဘ်မဟုတ်သည့် ဒုက္ခသည်ဦးရေမှာ ၆၀၀၀၀၀ခန့်ရှိသည်။ ၁၉၉၂ခုနှစ်တွင် ဘော့စနီးယား၌ ဘော့စနီအက်နှင့် ခရိုအက်များ၏ပဋိပက္ခ စတင်ပေါ်ပေါက်သည်။

ဆားဘ် သံချပ်ကာကားများ၏ ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် ဘော့စနီးယား ဟာဇီဂိုဗီးနားပါလီမန်အဆောက်အအုံကို မီးခိုးတလူလူဖြင့် တွေ့ခဲ့ရစဉ်က....။

၁၉၉၃ ခုနှစ်တွင် တိုက်ပွဲများဖြစ်ပွားသဖြင့် ငွေကြေးဖောင်းပွမှုမှာ အဆမတန် ဖြစ်လာပြီး စီးပွားရေးအကျပ်အတည်းမှာလည်း ၁၉၃၀ပြည့်နှစ် တစ်ဝိုက်က ကမ္ဘာ့စီးပွား ပျက်ကပ်ထက်ပင် ပိုဆိုးရွားသည်။

ပေါ်ပေါက်လာ

၁၉၉၄ခုနှစ်တွင် ဘော့စနီအက်များနှင့် ခရိုအက်များအကြား ငြိမ်းချမ်းရေး စာချုပ်သည်။ ဘော့စနီးယားဟာဇီဂိုဗီးနားပြည်ထောင်စု ပေါ်ပေါက်လာရသည်။

နောက်တစ်နှစ်တွင် ဆားဘ်တပ်ဖွဲ့ဝင်များ၏လက်ချက်ဖြင့် ဘော့စနီအက် ၈၀၀၀ ကျော်အသတ်ခံရသည့် ဆာဘရီနီစာ အစုအပြုံလိုက်သတ်ဖြတ်မှု ပေါ်ပေါက်လာရသည်။ ခရိုအက်များက အိုလူဂျာကို ထိုးစစ်ဆင်သည်။ ထိုဒေသများမှ ဆားဘ်လူမျိုး ၁၅၀၀၀၀မှ ၂၀၀၀၀၀အထိ ထွက်ပြေးကြရသည်။ ခရိုအေးရှားစစ်ပွဲမှာလည်း ပြီးဆုံးသွားသည်။ ပါရီ၌ ဒေတွန်စာချုပ်လက်မှတ်ထိုးသည်။ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားစစ်ပွဲ ပြီးဆုံးသွားသည်။ စစ်ပွဲအပြီးတွင် လူပေါင်း ၁၀၀၀၀၀ကျော် အသက်ဆုံးရှုံးပြီး ၂ဒသမ ၅သန်း ပျောက်ဆုံးနေသည်ဟု သိရသည်။

မှတ်တမ်းတင်

ယူဂိုဆလပ်စစ်ပွဲများမှာ ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်းတွင် ဥရောပ၌ ဖြစ်ပွားသည့်စစ်ပွဲများအနက် အသေအပျောက်အများဆုံး၊ လူမျိုးရေးပဋိပက္ခ အပြင်းထန်ဆုံး စစ်ပွဲများဖြစ်သည်ဟု မှတ်တမ်းတင်ထားပါသည်။ ။ **ကိုးကား အင်တာနက်**

ယူဂိုဆလပ်စစ်ပွဲများမှာ ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်းတွင် ဥရောပ၌ ဖြစ်ပွားသည့်စစ်ပွဲများအနက် အသေအပျောက်အများဆုံး၊ လူမျိုးရေးပဋိပက္ခ အပြင်းထန်ဆုံးစစ်ပွဲများဖြစ်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ကရာချိမြို့၌ ပစ်ခတ်ခံရမှုကြောင့် ၁၂ဦးသေဆုံး

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ဇူလိုင် ၅ရက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် လေးဦးသေဆုံးခဲ့ရာ ယခုရက်ပိုင်းအတွင်း ပစ်ခတ်ခံရမှုကြောင့် သေဆုံးသူ ၁၂ဦးရှိသွားပြီဖြစ်ကြောင်း ကရာချိမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။ ***(အောက်ပုံ)***

နိုင်ဂျီးရီးယားကမ်းလွန်၌ ဂျာမန်သင်္ဘောသားများဖမ်းဆီးခံရ

နိုင်ဂျီးရီးယားနိုင်ငံကမ်းလွန်တွင် ကုန်တင်သင်္ဘောတစ်စင်း အပိုင်စီးခံရမှုတွင် ဂျာမန်သင်္ဘောသားနှစ်ဦး ဖမ်းဆီးခံရကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင် ၅ရက်၌ အတည်ပြု သတင်းထုတ်ပြန်သည်။

ကယ်လီဖိုးနီးယားတောင်ပိုင်းကမ်းလွန်၌ လှိုင်းကြီးနိုင်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းကမ်းလွန်၌ လာမည့်ရက် အနည်းငယ်အတွင်း လေပြင်းတိုက်ခတ်ပြီး လှိုင်းကြီးနိုင်ကြောင်း အမေရိကန် မိုးလေဝသ ဆိုင်ရာ အရာရှိများက ဇူလိုင် ၅ရက်၌ သတင်းထုတ်ပြန်သည်။

လက်ဘနွန်သင်္ဘောနှစ်စင်း ဂါဇာသို့ရောက်ရှိ

လက်ဘနွန်နိုင်ငံမှ ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသ ဂါဇာမြို့သို့ ပေးပို့ စေလွှတ်လိုက်သော ထောက်ပံ့အကူအညီပေးရေး သင်္ဘောနှစ်စင်း ဇူလိုင် ၅ရက်က ဂါဇာမြို့သို့ ဆိုက်ရောက်လာကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

နီပေါ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်

နီပေါနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို တိုးတက်စေရန် မြှင့်တင်သည့် အနေဖြင့် နိုင်ငံအတွင်း ခရိုင် ၇၅ခရိုင်တွင် ပြင်ဆင်မှုပြုလုပ်နေကြောင်း နီပေါအရာရှိများက ဇူလိုင် ၅ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်အရှေ့မြောက်ပိုင်း၌ ကျောက်တုံးကြီးလိမ့်ဆင်း

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ် ချန်ဘေစီရင်စုတွင် ဇူလိုင် ၅ရက်က တောင်ပေါ်မှ ကျောက်တုံးကြီးတစ်တုံး လိမ့်ဆင်းခဲ့မှုကြောင့် လေးဦးသေဆုံး ခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကူးတို့ယာဉ်နစ်မြုပ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှီတာလာခါယာမြစ်အတွင်း ဇူလိုင် ၅ရက်က ခရီးသည် ၁၀၀ တင်ဆောင်လာသော ကူးတို့ရေယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ လူ ၅၀ သေဆုံး ခဲ့ကြောင်း၊ အချို့ကို ကယ်ဆယ်လိုက်နိုင်ပြီး အချို့မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။

မက္ကဆီကိုပင်လယ်ကွေ့၌ မုန်တိုင်းတိုက်ခတ်နိုင်

မက္ကဆီကိုပင်လယ်ကွေ့တွင် လာမည့် ၄၈နာရီအတွင်း မုန်တိုင်းတိုက်ခတ်နိုင် ကြောင်း၊ ယင်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ ကမ်းခြေဒေသသို့ ဦးတည်တိုက်ခတ်နိုင် ကြောင်း မက္ကဆီကိုအရာရှိများက ဇူလိုင် ၅ရက်၌ သတိပေးချက်ထုတ်ပြန်ထားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးအနည်းငယ်မြင့်တက်

ကမ္ဘာ့ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးများ အနည်းငယ်မြင့် တက်လျက်ရှိရာ ဂျပန်နိုင်ငံ တိုကျိုမြို့ဈေးကွက်၌ ဇူလိုင်၅ရက် ဈေးပိတ်ချိန်တွင် ဂျပန်ယန်း၈၇ယန်းကျော် အမေရိကန်တစ်ဒေါ်လာဖြစ်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ ။

(အင်တာနက်)

ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ ထူးချွန်ဆုရသူများနှင့် အောင်ပွဲရအားကစားသမားများ ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများ၊ ဝန်ကြီးဌာနအဆင့်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းထူးချွန်ဆုရသူများနှင့် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ ဝန်ကြီးဦးလှထွန်း (အပေါ်ပုံ)က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပညာရည်ထူးချွန်ဆုရရှိသူများအားဆုများချီးမြှင့်ရာ မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၏ဇနီး၊ အခွန်အယူခံခုံရုံးအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သုံးဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီး ဦးလှထွန်း၏ဇနီး ဒေါ်ခင်သန်းဝင်းတို့က လေးဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ ဝန်ကြီး ဦးလှထွန်းက ငါးဘာသာဂုဏ်ထူးရှင်လေးဦးအား ဂုဏ်ပြုထူးချွန်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဝန်ကြီးဌာနအဆင့်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်သင်တန်းများတွင် ထူးချွန်ဆုရရှိကြသော အရာထမ်း၊ အမှုထမ်းများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတကာအဆင့်နှင့် ဝန်ကြီးဌာနအဆင့်ပြိုင်ပွဲများတွင် ဆုရအားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ရာ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ဝန်ကြီးဌာနအဆင့်ပြိုင်ပွဲများတွင် ပထမဆုရ စက်ဘီးအားကစားသမားများအားလည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ဝန်ကြီးဌာနအဆင့် ပြိုင်ပွဲများတွင် ပထမဆုရ ရိုးရာခြင်းလုံးအားကစားသမားများအားလည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက နိုင်ငံတကာအဆင့်ပြိုင်ပွဲတွင် ပထမဆုရ မသန်စွမ်းအားကစားသမားများနှင့် ပထမဆုရ ပိုက်ကျော်ခြင်း အားကစားသမားများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးလှထွန်းက ဝန်ကြီးဌာနအဆင့်ပြိုင်ပွဲများတွင် ပထမဆုရ စားပွဲတင်တင်းနစ် အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

အင်းလေးကန်ရေရှည်တည်တံ့ရေး ထိန်းသိမ်း နည်းလမ်းများဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၅

အင်းလေးကန် ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်ရန် နည်းလမ်းများ ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ်ကို ဇူလိုင်၂ရက်က နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်ရှိ အင်ကြင်းခန်းမ၌ ကျင်းပရာ နံနက်ပိုင်းတွင် တက်ရောက်လာကြသော ကိုယ်စားလှယ်များက လုပ်ငန်းအဖွဲ့ လေးဖွဲ့ခွဲ၍ အဖွဲ့လိုက် ဆွေးနွေးကြသည်။ (အောက်ပုံ)

ဆောင်ရွက်

ထို့နောက် လုပ်ငန်းအဖွဲ့လိုက် တင်ပြခြင်းအစီအစဉ်ကို မွန်းလွဲပိုင်းတွင် ကျင်းပရာ သဘာပတိအဖြစ် သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးက ဆောင်ရွက်သည်။

လုပ်ငန်းအဖွဲ့(၁)၏ အင်းလေးကန် ဒေသဝန်းကျင် ရေအရင်းအမြစ်နှင့် ရေသယံဇာတများ ရေရှည်ထိန်းသိမ်းအသုံးချနိုင်ရေး တင်ပြချက်ကို တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာနုနုစံကလည်းကောင်း၊ လုပ်ငန်းအဖွဲ့(၂)၏ အင်းလေးကန်ဒေသဝန်းကျင်ရှိ မြေအသုံးချမှု အခြေအနေများ တင်ပြချက်ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကျော်ရီက လည်းကောင်း၊ လုပ်ငန်းအဖွဲ့(၃)၏ အင်းလေးကန်ဒေသ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ တင်ပြချက်ကို သစ်တောသုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ သောင်းနိုင်ဦးကလည်းကောင်း၊ လုပ်ငန်းအဖွဲ့(၄)၏ အင်းလေးကန် ဒေသခံများ၏ လူမှုစီးပွားရေးအခြေအနေတင်ပြချက်ကို ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာနမှ ပါမောက္ခ ဒေါ်ဖြူဖြူအိကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးကြသည်။

ချီးမြှင့်

ယင်းနောက် ဆွေးနွေးပွဲရလဒ်များ ညှိနှိုင်းဆွေးနွေးခြင်းနှင့် အစီရင်ခံစာအတွက် ဖော်ထုတ်ချက်များ ချမှတ်ရေးဆွဲ၍ စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

ကန်ကြီးထောင့်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

ကန်ကြီးထောင့် ဇူလိုင် ၅

ဇူလိုင် ၃ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးမှူး၍ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ရက် နံနက် ၇ နာရီက ကန်ကြီးထောင့်မြို့နယ် ကျိုက်လတ်ကျေးရွာ၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လိုင်က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များ ပေးအပ်ပြီးနောက် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးလင်းသက်ထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူ ကျွန်းပင် ၂၀၀ကျော်၊ မဟော်ဂနီ ၈၀၀ စုစုပေါင်း ၁၀၀၀ကျော် စုပေါင်းစိုက်ပျိုးကြသည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

စစ်မှုထမ်းဟောင်း ဝန်ထမ်းသားသမီးများအား ကြို့ပင်ကောက်၌ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ကြို့ပင်ကောက် ဇူလိုင် ၅

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ (၂၀၁၀/၂၀၁၁) ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန်၂၆ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ဆက်လက်၍ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းကြိုင် (ငြိမ်း)နှင့် မြို့နယ်ပညာရေးမှူးတို့က ပညာသင်စရိတ် ထောက်ပံ့ခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။ ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများဖြစ်သော တက္ကသိုလ်အဆင့်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်သည်။ (အောက်ပုံ)

(၁၈၀)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၇-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၂၅ ၉။ တေးဂီတအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ Local Talent
၈:၅၀ ၁၂။ **ကျွမ်းတိုင်းမကြမ်းနဲ့**
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၆။ ကြေးမုံရိပ်သွင် တေးနယဉ်
၅:၁၅ ၇။ ရင်မှာစွဲထင် တေးအလှသံစဉ်
၅:၃၀ ၈။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း- ၁၂)
၅:၄၀ ၉။ မိုးကုတ်မြေမှ စာပေဘဏ်တိုက်တို့အင်အားစာကြည့်တိုက်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၃၃)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသအခြေအနေ
၁၈။ စည်းလုံးခြင်းရဲ့ရလဒ်တွေ (နန္ဒရော၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယပိုင်း) (အပိုင်း-၇)
၂၀။ **ရုပ်ရှင်ပဟေဠိ**
၂၁။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)

၇-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၁:၀၀ ၁။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု ဥရုဂွေးနှင့် နယ်သာလန် (အကြိုဗိုလ်လုပွဲ)**

ရေစီးရေလာကောင်းရေး

စစ်တွေမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကုန်သည်လမ်းတံတားအနီးရှိ နုန်းများ၊ အမှိုက်များကို ဇူလိုင် ၂ရက်က အဖွဲ့ပိုင် စက်ယန္တရားဖြင့် ဆယ်တင်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နှင်းနှင်းရီ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၁ရက် နံနက် ၇ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ အထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ စိန်တစ်လုံးသရက်ပင်များကို စိုက်ပျိုးပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ၌ သရက်၊ ဝါး၊ ကျွန်း၊ ခရေ၊ ကုက္ကို၊ စိန်ပန်း၊ ပိတောက်၊ ပျဉ်းမ၊ ပျဉ်းကတိုး၊ မဲဇလီ၊ မဟော်ဂနီ၊ ရေတမာ၊ ယင်းမာ၊ ယူကလစ်နှင့် သစ်ဆိမ့်ပင် စုစုပေါင်း ၅၂၈၁ ပင်ကို စိုက်ပျိုးပေးခဲ့ပြီး ၂၀၀၆ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း သစ်ပင်စိုက်ပျိုးပွဲ ခြောက်ကြိမ်ကျင်းပခဲ့ရာ စိန်တစ်လုံး သရက်ပင် ၄၇၃၁ ပင်၊ နှစ်ရှည်ပင် ၃၀၀၈၅ ပင်နှင့် သီးပင်စားပင် ၃၁၄၈ ပင် စုစုပေါင်း ၃၉၇၅၆ ပင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ **(သတင်းစဉ်)**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၂ရက် နံနက် ၉နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စိုက်ခင်း၌ ကျင်းပရာလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဦးမောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့၊ ဒုတိယဝန်ကြီးဦးကျော်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့်ဇနီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့်ဇနီး၊ ဝန်ကြီးရုံး ဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့် ဇနီးတို့က အထိမ်းအမှတ်ခရေပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးကြသည်။

စိုက်ပျိုး

ယင်းနောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီး၌ သစ်ပင်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရေ၊ မဟော်ဂနီ၊ ကံ့ကော်၊ ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီ၊တမာ၊ မန်ကျည်းပျိုးပင် စုစုပေါင်း ၁၂၀၀စိုက်ပျိုးခဲ့ကြသည်။**(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ပညာရည်ချွန်ဆုပေးပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၅

၂၀၀၉-၂၀၁၀ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် မြစ်ကြီးနားမြို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း အမှတ်(၁)နှင့်(၂)တို့မှ ကျောင်းသားကျောင်းသူများအား ကချင်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီမှ ဂုဏ်ပြုချီးမြှင့်သည့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇွန်၂၈ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများ၊ ပြည်နယ်၊ ခရိုင်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ချီးမြှင့်ပေးအပ်

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ မရမ်းကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၄ရက် နံနက် ၈နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း စန္ဒိမာခန်းမ၌ကျင်းပရာ သင်တန်းဖွင့်ပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကြည်စန်းက အဖွင့်အမှာစကားပြောကြားပြီး မရမ်းကုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆွေးနွေးပို့ချ

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မရမ်းကုန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိတို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းတာဝန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေး ပို့ချကြသည်။ သင်တန်းသို့ မရမ်းကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၁၂၈ဦး တက်ရောက်ကြသည်။

(၁၁၁)

ရေငန်အသုံးပြု ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အစ္စရေးနိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် အစ္စရေးနိုင်ငံမှပညာရှင်Mr. Zion Shemer (Manager, Ramat Negev Desert Agro Research Centre Israel) က ရေငန်ကိုအသုံးပြု၍ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း "About Irrigation with Saline Water" ခေါင်းစဉ်ဖြင့် ဇူလိုင် ၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီခွဲတွင် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဆွေးနွေးဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ ***(သတင်းစဉ်)***

မြဝတီရုပ်မြင်သံကြား

၆-၇-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ခမ္ဘူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၅။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၁၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၂၅	၈။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၃၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၂။	လျှပ်တစ်ပြက်
၆:၃၀	၁၃။	အောင်မြင်ခြင်းလမ်းမ
၆:၄၀	၁၄။	အကြင်နာလက်တစ်စုံ
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၂၇)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မွေးမြူသုတ
	၂၁။	ဟာသရုပ်စုံ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၁၇)

၇-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၁:၀၀	၁။	၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) ဥရုဂွေးနှင့် နယ်သာလန် (အကြိုဗိုလ်လုပွဲ)

ယခုအပတ်ထုတ် မြန်မာပို့စ် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၅

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၂၅)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိသည်။

မြန်မာပို့စ်ဂျာနယ်တွင် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တွေ့ဆုံမေးမြန်းထားသည့် အိမ်ရာမြေဈေးကွက်အကျပ်အတည်းကို ဘယ်လိုဖြေရှင်းကျော်လွှားသလဲ၊ အိမ်ရာမြေဈေးကွက်ဖွံ့ဖြိုးအောင် ဘယ်လိုလုပ်သလဲ၊ အိမ်ခန်းတွေလိုသလားပိုသလား၊ ၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်လူဦးရေ ၁၀သန်းရှိမည်ဟု ခန့်မှန်းသည့်အတွက် တစ်နှစ်အခန်းနှစ်သိန်းလိုမည်လား၊ ရန်ကုန်မြို့ကို ထပ်ချဲ့ဖို့လိုသလား၊ ရန်ကုန်မြို့လယ်နှင့် မြို့ပြင်ပြဿနာဘယ်လိုဖြေရှင်းမလဲ၊ အိမ်ရာမြေကို အကဲဖြတ်ရာတွင် LDPPP ဆိုတာဘာလဲ မျက်နှာဖုံးသတင်းဆောင်းပါး၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ ကိုကိုလှိုင်၊ ထွန်းနေဦး၊ ဒေါက်တာအောင်ကိုကို (စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)တို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ဝန်ထမ်း ၁၃၄ ဦးဖြင့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံမှ တစ်နှစ်လျှင် ကာကွယ်ဆေးအလုံးရေ သုံးသိန်းထုတ်လုပ်ဖြန့်ချိလျက်ရှိ၊ သီရိမင်္ဂလာကုန်စိမ်းဈေးသစ်ကြီးဈေးရုံကိုးရုံ ကွန်ကရစ်ကြမ်းခင်း ရာနှုန်းပြည့်ပြီးစီး၊ အမိုးကာသံပေါင်လုပ်ငန်း ရာခိုင်နှုန်း ၆၀ရောက်ရှိ၊ နေ့စဉ်လုပ်သားအင်အား ၉၀၀ ကျော်ဖြင့် နေ့ဆိုင်း ညဆိုင်းခွဲ၍ တည်ဆောက်နေသဖြင့် ဆိုင်ခန်းပေါင်း ၂၀၉၃ ခန်း မကြာမီဖွင့်လှစ်နိုင်တော့မည်၊ လေးလမ်းသွား ဗဟိုလမ်းမကြီးကို ကိုးလက်မထု ကွန်ကရစ်လမ်းအဖြစ် အစားထိုးပြုပြင်သွားမည်၊ ကမာရွတ်မြို့နယ် ခိုင်ရွှေဝါလမ်း (ဗဟိုလမ်း) အပိုင်းကို စတင်ခင်းနေပြီ၊ ရေတင်မှုမရှိရန် မြေအောက်ရေမြောင်းကိုလည်း တိုးချဲ့ပြုပြင်မည်၊ အကြီးစား မော်တော်ယာဉ်စီးရေ ၁၀၀၀ ကို အိန္ဒိယနိုင်ငံ Tota Mortors Ltd. နှင့် နှစ်စဉ်ပူးပေါင်းထုတ်လုပ်မည်၊ တရုတ်နိုင်ငံ China New Era International Inc. နှင့်ပူးပေါင်း၍ Gear Box အစုံ ၇၀၀ နှစ်စဉ်ထုတ်လုပ်မည်၊ ကိုရီးယား KOICA နှင့် ပူးပေါင်း၍ မော်တော်ယာဉ်ဆိုင်ရာ ကျွမ်းကျင်သူများ လေ့ကျင့်မွေးထုတ်ပေးမည် စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။ ***(သတင်းစဉ်)***

နေပြည်တော်တပ်ကုန်း မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဇွန် ၃၀ရက်က နေပြည်တော်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ခန့်တို့က မြို့မဈေးအတွင်းရှိ မီးသတ်ရေငုတ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (၀၉၁)

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ပိုကောင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ခမောက်ကြီး ဆီအုန်းစိုက်ပျိုးပွဲတက်ရောက်
တောင်စောင်းများ၌ ကွန်တိုစနစ်ဖြင့် စိုက်ပျိုးမှုကြည့်ရှု

နေပြည်တော် ဇူလိုင် ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၃ရက် နံနက်ပိုင်းတွင် ခမောက်ကြီးမြို့နယ်ရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်း၌ ကျင်းပသည့် မိုးရာသီဆီအုန်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ ဆီအုန်းပျိုးပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဆီအုန်းပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြရာဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုက်လံကြည့်ရှု အားပေးသည်။

ထို့နောက် ကော့သောင်း-ဘုတ်ပြင်း လမ်းပိုင်း အခြေအနေများနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသောဆီအုန်းစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဇူလိုင် ၄ရက်တွင် ဘုတ်ပြင်းမြို့ တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များနှင့်စာရေးကိရိယာများကို ပေးအပ်သည်။

ရှင်းလင်းပြသ

ယင်းနောက် ဘုတ်ပြင်းမြို့နယ် ချောင်းရှစ်ဖြာကျေးရွာရှိ ယုဇနကုမ္ပဏီလီမိတက် ရွှေမြေရတနာဆီအုန်းခြံ၌ ဆီအုန်းပျိုးပင်များကို စနစ်တကျ ပျိုးထောင်ထားရှိမှုနှင့် ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက်ပိုကောင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းသို့ ရောက်ရှိပြီး ရှုရပ်မှ ဆီအုန်းစိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းနေမှုနှင့် တောင်စောင်းများတွင် ကွန်တိုစနစ်ဖြင့် စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးကာ ဘုတ်ပြင်း-ကော့သောင်းလမ်းပိုင်း အခြေအနေများနှင့် လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားသောဆီအုန်းစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့ပိုင်းဒေသများ၌ မိုးလျော့နည်းနိုင်

နေပြည်တော် ဇူလိုင် ၅

__ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(တပ်ကုန်း)တွင် ၀ ဒသမ ၉၈ လက်မ၊ ညောင်တုန်းမြို့တွင် ၂ ဒသမ ၆၅ လက်မ၊ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့တွင် ၂ ဒသမ ၀၉ လက်မစီ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ခန္တီးမြို့တွင် ၀ ဒသမ ၉၇ လက်မ၊ ရမည်းသင်းမြို့တွင် ၀ ဒသမ ၉၄ လက်မနှင့် ပခုက္ကူမြို့တွင် ၀ ဒသမ ၄၃ လက်မတို့ ဖြစ်ကြသည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

__ဇူလိုင် ၆ ရက် ညနေအထိ ခန့်မှန်းချက်မှာ__ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်း၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇူလိုင် ၂ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Parkroyal Hotel ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့က အမှာစကား ပြောကြားကြသည်။

ဖတ်ကြားတင်သွင်း

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးသက်လွင်တိုးက အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ရီတာမြင့်က နှစ်ပတ်လည် ရသုံးငွေစာရင်းနှင့် လက်ကျန်စာရင်းရှင်းတမ်းများကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးတင်ထွန်းအောင်က အသင်း၏ဖွဲ့စည်းပုံစည်းမျဉ်းနှင့် အထွေထွေကိစ္စရပ်များကို လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး အတည်ပြုချက် ရယူကြသည်။

ဆက်လက်၍ အခမ်းအနားမှူး ဒေါ်သီတာထွန်းက ၂၀၁၀-၂၀၁၂ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်အဖွဲ့နှင့်ဂုဏ်ထူးဆောင်အကြံပေး နှစ်ဦး၊အလုပ်အမှုဆောင်အဖွဲ့ဝင်၂၉ဦးတို့၏စာရင်းတို့ကိုကြေညာသည်။ ယင်းနောက် ဥက္ကဋ္ဌအသစ် ဦးမောင်မောင်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် ထိပ်တန်းကြယ်ဆယ်ခု ထုတ်လုပ်မှုကုမ္ပဏီလီမိတက်တို့ လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကျင်းပ

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ထိပ်တန်းကြယ်ဆယ်ခု ထုတ်လုပ်မှုကုမ္ပဏီလီမိတက်တို့၏ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဘော်ဆိုင်းဒေသ ဘော်ဆိုင်းသတ္တုတွင်းစီမံကိန်းအား ခဲသတ္တုသန့်စင်အကြီးစားတူးဖော်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၅

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ထိပ်တန်းကြယ်ဆယ်ခု ထုတ်လုပ်မှုကုမ္ပဏီ လီမိတက်တို့၏ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ဘော်ဆိုင်းဒေသ ဘော်ဆိုင်း သတ္တုတွင်းစီမံကိန်းအား ခဲသတ္တုသန့်စင်အကြီးစားတူးဖော်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံးနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ထိပ်တန်းကြယ်ဆယ်ခု ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးအေးထွန်းရွှေနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အမှတ်(၁) သတ္တုတွင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းက ဘော်ဆိုင်းသတ္တုတွင်းစီမံကိန်းနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ထိပ်တန်းကြယ်ဆယ်ခု ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မန်နေဂျင်း ဒါရိုက်တာ ဦးအေးထွန်းရွှေက လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားပြီး အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ထိပ်တန်းကြယ်ဆယ်ခု ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာတို့သည်လုပ်ငန်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြကာ အပြန်အလှန် လဲလှယ်ကြသည်။

မှတ်တမ်းတင်

ယင်းနောက် ဝန်ကြီး ဦးအုန်းမြင့်က ခွင့်ပြုမိန့်များကို ပေးအပ်ပြီး စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်း သတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်း မရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအားစစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဗိုလ်တထောင်မြို့နယ်၌ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဝင်များအား ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၈နာရီက ဗိုလ်တထောင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် အရှေ့ပိုင်းခရိုင် တာဝန်ခံ ဦးကျော်နှင့် ဦးရဲမြင့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်ဝင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြပြီး ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၇၂ဦးတို့အား သင်တန်းဖွင့်လှစ်ပို့ချသည်။

အမှာစကားပြောကြား

သင်တန်းတွင် ဗိုလ်တထောင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်ညိုက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲဝင် အရှေ့ပိုင်းခရိုင်တာဝန်ခံ ဦးရဲမြင့်က ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လက်တွေ့သရုပ်ပြ

မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွှေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ မဲရုံမှူး၊ ဒုမဲရုံမှူးများ၏ လုပ်ငန်းတာဝန်များကို လက်တွေ့သရုပ်ပြ ရှင်းလင်းပို့ချကြသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း ဇွန် ၂၆ရက်က ကဝမြို့ မြို့နယ်ခန်းမ၌ ဒေသခံတောင်သူများအား မိုးစပါးအတွက် မျိုး၊ မြေဩဇာနှင့် စိုက်ပျိုးစရိတ်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၅

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၃၈)ပါတီအနက် အောက်ဖော်ပြပါ ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ခုနှစ် ဇူလိုင်၅ရက်တွင် နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်-

(၁) မြန်မာဒီမိုကရေစီ ကွန်ဂရက် (Myanmar Democracy Congress)

(၂) မြို့တိုင်းရင်းသားပါတီ

(၃) ကမန်အမျိုးသားတိုးတက်ရေးပါတီ

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၃)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၈)ပါတီအနက် ပါတီ (၁၆)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာဆင့်ပွားသင်တန်း ဖွင့်ပွဲကို ယနေ့ နံနက်စနာရီက သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းပို့ချ

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းတာဝန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပို့ချကြသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် အုတ်တွင်းမြို့တစ်ခွင်

သတင်းခရီးသည်နှင့်ဓာတ်ပုံမှတ်တမ်း ➤ အောင်သန်း(မင်္ဂလာတောင်ညွန့်) | **စာမျက်နှာဖွဲ့စည်းမှု ➤ လဲ့လဲ့ဝင်း(မြန်မာ့အလင်း)**

ရန်ကုန် ဇူလိုင် ၅

ပြည်-ပေါက်ခေါင်းသွား လမ်းဆုံ၊ ခေတ်မီအိမ်ခြေတိုက်တာများ၊ လူးလာခေါက်ပြန်မောင်းနှင်သွားလာနေသော မော်တော်ယာဉ်နှင့် ဆိုင်ကယ်များဖြင့် အုတ်တွင်းမြို့ကား တိုးတက်ပြောင်းလဲခဲ့ချေပြီ။

တည်ရှိ

အုတ်တွင်းမြို့နယ်သည် ရန်ကုန်-မန္တလေးမော်တော်ကားလမ်းအတွင်း ၂၃မိုင် ၄ဖာလုံ ပါဝင်နေသည်။ ရှစ်လမ်းသွား အမြန်လမ်းမကြီးတွင်လည်း၂၅မိုင်ပါဝင်နေသည်။ ရထားလမ်းလည်းရှိသဖြင့် သွားလာရေးလွယ်ကူကာ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုမှာ အောင်မြင်လျက်ရှိသည်။ အရှေ့ဘက်တွင် ထန်းတပင်မြို့၊ အနောက်ဘက်တွင် ပေါက်ခေါင်းမြို့၊ မြောက်ဘက်တွင် တောင်ငူမြို့၊ တောင်ဘက်တွင် ဖြူးမြို့တို့တည်ရှိသဖြင့် ခရီးလမ်းဆုံကျသည့် မြို့တစ်မြို့လည်း ဖြစ်သည်။ ရပ်ကွက်ခြောက်ရပ်ကွက်၊ ကျေးရွာ ၄၁ အုပ်စု၊ ကျေးရွာပေါင်း ၂၂၆ ရွာဖြင့် စုဖွဲ့တည်ရှိနေသည်။

''အုတ်တွင်းမြို့ဟာ စိုက်ပျိုးရေးမြို့ပါ''

ဦးနိုင်ဝင်းဇော်(ဥက္ကဋ္ဌ)
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

စိုက်ပျိုးရေး

အုတ်တွင်းမြို့သည် စိုက်ပျိုးရေးမြို့ဖြစ်၏။ လယ်ယာစိုက်ပျိုးရေးအတွက် ယခင်က ရေသိုးဆည်နှင့် မင်းရဲဆည် နှစ်ခုသာရှိရာမှ ယခုအခါ ခပေါင်း ရေလှောင်တမံနှင့် ခပေါင်းရေလွှဲဆည်တို့ပါ တည်ဆောက်ပြီးဖြစ်၍ ခပေါင်းဆည်ရေတစ်ခုတည်းဖြင့်ပင် လယ်မြေဧက ၂၁၀၈၄ ဧကပိုမိုစိုက်ပျိုးလာနိုင်ပြီ ဖြစ်သည်။ စိုက်ပျိုးရေ ရရှိရေးအတွက် စစ်တောင်းမြစ်ရေတင်စီမံကိန်းသုံးခုကို ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက တည်ဆောက်ပေးထားသည်။ ဝါးတီး၊ ဘန့်ဘွေးပင်၊ လေးအိမ်စု လျှပ်စစ်မြစ်ရေတင်များဖြစ်သည်။ ထိုသို့ ဆည်တမံများ တည်ဆောက်ပေးခြင်းနှင့် တိုးချဲ့မြစ်ရေတင် စီမံကိန်းများကြောင့် ၂၀၀၉-၂၀၁၀ နွေစပါး စိုက်ပျိုးနိုင်ခဲ့ပြီ ဖြစ်သည်။ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံမှာလည်း ၂၀၀၉-၂၀၁၀တွင် သတ်မှတ်လျာထားချက် ကျော်လွန်အောင် စိုက်နိုင်သဖြင့် အထွက်တိုးကာ ဒေသခံတောင်သူတို့ ပြုံးပန်းဝေနေကြပေပြီ။ နိုင်ငံတော်၏ ပံ့ပိုး ဖြည့်ဆည်းမှုအကျိုးကို ဒေသခံတို့ လက်တွေ့ ခံစားနေကြရပြီ ဖြစ်သည်။

အထွက်တိုး

အုတ်တွင်းမြို့သို့ ရောက်ခိုက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သည်။ ''အုတ်တွင်းမြို့နယ်တွင် မြို့ပြနေလူဦးရေ ၁၀ရာခိုင်နှုန်းနှင့် ကျေးလက်နေလူဦးရေ ၉၀ ရာခိုင်နှုန်းရှိသည့် စိုက်ပျိုးရေးအားကောင်းသော မြို့တစ်မြို့ဖြစ်ကြောင်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မိုးစပါးဧက တစ်သိန်း စိုက်ရန် လျာထားသတ်မှတ်ထားသော်လည်း သတ်မှတ်ချက် ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ ၈၀ ဒသမ ၆၂ တင်း ထွက်ရှိသဖြင့် အထွက်တင်းပေါင်း သိန်း ၈၀ကျော်ထွက်ရှိခဲ့ပါကြောင်း၊ အခြားသီးနှံဖြစ်သည့် ဆောင်းမြေပဲ၊ ဆောင်းနှမ်း၊ ဖူးစားပြောင်း၊ ချဉ်ပေါင်လျှော်၊ ချက်ကြံ၊ ဆောင်းငရုတ်နှင့် အခြားဟင်းသီးဟင်းရွက်များတွင် လျာထားဧက ၂၀၅၃ ဧကထက်ပိုကာ ဧက ၂၄၀၀ စိုက်ပျိုးထုတ်လုပ်နိုင်၍ ၁၀၆ ဒသမ ၈၇ ရာနှုန်းအထွက်တိုးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်၍ အုတ်တွင်းမြို့သည် နိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေးကို လျာထားသတ်မှတ်ချက်ထက် ကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း'' ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

အုတ်တွင်းမြို့တွင် နိုင်ငံပိုင်သစ်စက်နှစ်လုံး၊ ချဉ်ပေါင်လျှော်ပျော့ဖတ်စက်ရုံတစ်ရုံ၊ အမှတ်(၃) သကြားစက်ရုံ တစ်ရုံ၊ ၃၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်ပေးသည့် ခပေါင်းရေအားလျှပ်စစ်စက်ရုံ တစ်ရုံတို့တည်ရှိရာ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်မှုအနေဖြင့် ပဲခူးရိုးမဖြတ်ကျော်သည့် ပြည် - ပေါက်ခေါင်း - အုတ်တွင်း- တောင်ငူ ၁၂၄မိုင် မော်တော်ကားလမ်းမှာ အုတ်တွင်းမြို့နယ်မှ ၇၃မိုင် ပါဝင်ပြီး ယခင်က ကတ္တရာလမ်း ကိုးမိုင်သာ ရှိခဲ့ရာမှ ယခုအခါ ကတ္တရာလမ်း အပြည့် ဖြစ်သွားပြီဖြစ်သည်။ အုတ်တွင်း - ပေါက်ခေါင်း - ပြည် မီးရထားလမ်းလည်း ပေါက်နေပြီဖြစ်၏။ စစ်တောင်းမြစ် တစ်ဖက်ကမ်းရှိ ထန်းတပင်အထိ မော်တော်ယာဉ်သွား ကတ္တရာလမ်းရှိနေပေပြီ။

သောက်သုံးရေ

မြို့တွင်းလမ်းများ ထိန်းသိမ်းပြုပြင်ခြင်းနှင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးခြင်း၊ မြေအောက် သောက်သုံးရေ ရရှိရေးအတွက် လက်နှိပ်တုံကင်တွင်းများ တူးဖော်ပြုလုပ်ပေးခြင်း တို့ကိုလည်း မြင်တွေ့ခဲ့ရသဖြင့် မေးမြန်းခဲ့ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။ ''အုတ်တွင်းမြို့နယ်သည် သောက်သုံးရေအတွက် ရေတွင်းစနစ်ကိုကျင့်သုံးကြောင်း၊ မြို့နေသူများနှင့် ကျေးလက်နေသူများ သောက်သုံးရေရရှိရေးအတွက် မြို့ ခြောက်ရပ်ကွက်တွင် လက်နှိပ်တုံကင် တွင်း ၁၄တွင်း၊ ကျေးရွာ ၁၂ရွာတွင် နှစ်လက်မ တုံကင်တွင်း ၂၅တွင်း တူးဖော်ပေးခဲ့ပြီး တွင်းဟောင်း၂၄တွင်းကို ပြုပြင်ပေးခဲ့ကြောင်း၊ တစ်နှစ်ကို ရေတွင်း ၃၀ အသစ်တူးဖော်ပေးနေပါကြောင်း၊ တံတားမရှိ၍ စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်ပျက်စီးခြင်းမှ ကာကွယ်ရန် ရေပြွန်တံတားနှစ်စင်းကိုလည်း ၂၀၀၉-၂၀၁၀ ခုနှစ်တွင် တည်ဆောက် ပေးခဲ့ပါကြောင်း၊ ကျေးရွာချင်းဆက် ကျေးရွာဖွံ့ဖြိုးရေးလမ်းများဖြစ်သော အရှည်ပေ ၂၄၅၀ရှိ သာစည်-ရေနီလမ်းနှင့် အရှည်ပေ ၁၃၉၀ ရှိ ကျွဲပွဲ-စပါးကြဲလမ်းတို့ကို ကျောက်ချောလမ်းအဖြစ် အသစ်ဖောက်လုပ်ပေးခဲ့ကြောင်း၊ ၄င်းအပြင် အရှည်နှစ်မိုင်ရှိ အုတ်တွင်း-အုန်းပင် ကျေးရွာလမ်း၊ မြို့တွင်းတွင် အရှည်ပေ ၁၅၈၀ရှိ မိုးကောင်းလမ်း၊ အရှည်ပေ ၉၀၀ရှိ နဝဒေးလမ်း၊ အရှည်ပေ ၆၁၀ရှိ ခိုင်ရွှေဝါလမ်း၊ အရှည်ပေ ၃၀၀ရှိ ဓမ္မစေတီလမ်းတို့ကိုလည်း ကတ္တရာထပ်ပိုးလွှာများခင်း၍ အဆင့်မြှင့်တင်ပေးခဲ့ကြောင်း၊ ပြီးခဲ့သည့် နွေရာသီကာလ အပူရှိန်ပြင်းထန်၍ သောက်သုံးရေ အခက်အခဲရှိနေချိန်တွင် အုတ်တွင်းမြို့နယ်၌ ရေရှားပါးပြတ်လပ်မှု လုံးဝမရှိခဲ့ပါကြောင်း'' ရှင်းပြသည်။ တယ်လီဖုန်းဆက်သွယ်မှုနှင့်ပတ်သက်၍ အုတ်တွင်းအော်တိုအိတ်ချိန်းတာဝန်ခံ ဒေါ်အေးအေးမာက ''အုတ်တွင်းမြို့တွင် ယခင်က လက်လှည့် မဂ္ဂနက်တို ဖုန်း ၁၇၉လုံး ရှိခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ် မတ်လ ၂၃ရက်တွင် ဒစ်ဂျစ်တယ် အော်တို တယ်လီဖုန်း ၂၀၁လုံးဖြင့် အစားထိုးသုံးစွဲနေပြီဖြစ်ကြောင်း၊ အများပြည်သူသုံး ဖုန်းအဖြစ် မြို့တွင်းမှာ လေးလုံးတပ်ဆင်ပေးထားကြောင်း၊ ကျေးရွာများတွင် CDMA ဖုန်းများ သုံးစွဲလျက်ရှိနေကြောင်း၊ ကျွဲပွဲတွင် GSM ပါ ဆက်သွယ်နိုင်တော့မည် ဖြစ်ပါကြောင်း'' ဆက်သွယ်ရေးဆိုင်ရာ တိုးတက်လာမှုကို ရှင်းပြသည်။

ကျန်းမာရေး

အုတ်တွင်းမြို့၏ ကျန်းမာရေး ကဏ္ဍဆောင်ရွက်ထားမှုများကလည်း စိတ်ဝင်စားစရာပင်။ ကျန်းမာရေးနှင့်စပ်လျဉ်း၍ မြို့နယ် ဆရာဝန် ဒေါက်တာမျိုးမင်းက ''အုတ်တွင်းမြို့နယ်တွင် (၂၅)ခုတင်ဆံ့ဆေးရုံနှင့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတို့ရှိကြောင်း၊ မြို့နယ်ဆရာဝန်တစ်ဦး၊ တိုက်နယ်ဆရာဝန် တစ်ဦး၊ လက်ထောက် သုံးဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနေကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များ၊ လူမှုရေး အဖွဲ့အစည်းများနှင့်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းကာ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းအပြင် အဘိတ်ဆေးများပါ နေရာအနှံ့ လိုက်ခတ်ပေးမှုကြောင့် ယခုနှစ်တွင် အုတ်တွင်းမြို့နယ်နှင့် ပတ်ဝန်းကျင် ကျေးရွာများပါ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ လုံးဝမရှိပါကြောင်း'' ဖြင့် ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးမှုကို ရှင်းပြသည်။ ပညာရေးကဏ္ဍတွင် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းနှင့် မူလတန်းလွန်ကျောင်းပေါင်း ၁၄၀ ဖြင့် ပညာရေးစောင့်ရှောက်မှုပေးလျက်ရှိပေပြီ။

ဖွံ့ဖြိုးစည်ပင်

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူ တစ်ရပ်လုံးက လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ၏ ကြိုးပမ်းမှုကို နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးသည့်အလျောက် ပဲခူးတိုင်း အုတ်တွင်း မြို့နယ်သည်လည်း ယခင်ကနှင့်မတူ ဖွံ့ဖြိုးစည်ပင်နေပြီဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

၃၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လွှတ်ပေးနေသည့် အုတ်တွင်းမြို့နယ်မှ ခပေါင်းရေအားလျှပ်စစ်စက်ရုံနှင့် တမံပေါင်တို့ကို တွေ့ရစဉ်။

အုတ်တွင်းမြို့ (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံအဆောက်အအုံ။

၂၀၁၀ခုနှစ် မတ် ၂၃ရက်က စတင်ဖွင့်လှစ်ပေးခဲ့သော ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းရုံး အဆောက်အအုံကလည်း ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းပင်။

တက်ရောက်အားပေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် နေပြည်တော် ပုဗ္ဗသီရိမြို့ အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ကမ္ဘာ့လူဦးရေနေ့

မတင်မကျန်မှန်ကန်မှု အချက်အလက်တွေ စုံအောင်စု၊
လူဦးရေနှင့်ဖွံ့ဖြိုးမှု

Everyone Counts

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

နေပြည်တော် ပုဗ္ဗသီရိမြို့ အမှတ်(၁၃) အထက်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ မြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူနှင့်ဝန်ထမ်းများ၏ သားသမီးများ

အထက်တန်းအဆင့်ထိ အလွယ်တကူသင်ကြားနိုင်ရန် အဆင့်မြင့်မြင့်တည်ဆောက်ပေးခဲ့

နေပြည်တော် ဇူလိုင် ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့၌ ဆောက်လုပ်ပြီးစီး သွားသည့် အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မင်္ဂလာအချိန်တွင် အထူးဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူးဦးကံချွန်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းမြွေ တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်း ပရိဘောဂများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကိုကျင်းပရာ ဝန်ကြီးက အမှာစကား ပြောကြားရာ၌ ပုဗ္ဗသီရိမြို့နှင့် စပ်လျဉ်း၍ ဝန်ထမ်းများ အငြိမ်းစားယူသည့်အချိန်တွင် မြေပိုင်၊ အိမ်ပိုင်ဖြစ်စေရန်ရည်ရွယ်၍ ဝန်ကြီးဌာန အသီးသီးမှ အရာထမ်း၊ အမှုထမ်း များအား မြေကွက်နေရာချထား၍ နေအိမ်ဆောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ မြို့နေပြည်သူများအတွက် ပုဗ္ဗသီရိဈေးနှင့် ဆိုင်ခန်းများ ဆောက်လုပ်နေမှု၊ ဆောက်လုပ် ပြီးစီးသွားသော ရုံးအဆောက်အအုံများ၊ နေပြည်တော်ဘူတာကြီး တည်ဆောက်ထားရှိမှုနှင့် ပုဗ္ဗသီရိမြို့အား ဆက်လက်ဆောင်ရွက်သွားမည့် တည်ဆောက်ရေးအခြေအနေများကို လည်း ကောင်း ရှင်းလင်းပြောကြားပြီး မြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူနှင့် ဝန်ထမ်းများ ၏ သားသမီးများ အလွယ်တကူပညာသင်ကြားနိုင်ရန်နှင့် အခြေခံပညာအထက်တန်း အဆင့်ထိ ကျောင်းများကို အဆင့်မြင့်မြင့် တည်ဆောက်ပေးရန် လမ်းညွှန်မှာကြားချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပုဗ္ဗသီရိမြို့ အမှတ်(၁၃) အခြေခံပညာအထက်တန်း ကျောင်းကို ခံ့ညားထည်ဝါစွာ တည်ဆောက်၍ ယခုကဲ့သို့ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးနိုင်ခြင်းဖြစ်ကြောင်း၊ အလားတူ ဥတ္တရသီရိမြို့တွင် အမှတ်(၁၂) အခြေခံပညာအထက် တန်းကျောင်း၊ ဇမ္ဗူသီရိမြို့ ရွှေကြာပင်ရပ်ကွက်တွင် အမှတ် (၁၄) အခြေခံပညာအထက်တန်း ကျောင်းတို့ကို တည်ဆောက်ပြီး မကြာမီလွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ တည်ဆောက် ဖွင့်လှစ်သည့် ကျောင်းများကိုအသုံးပြု၍ ပညာရည်မြင့်မားသော လူငယ်များဖြစ်စေရန် ဆရာ ဆရာမ၊ ကျောင်းသားများနှင့် မိဘ သုံးဦးသုံးဖလှယ်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက် သွားကြရန် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က ပညာရေးဆိုင်ရာ ရည်မှန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အထူး ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကံချွန်က မြို့နယ် ပညာရေးမှူး ဦးစိုးလှိုင်ထံ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ အစုံ၃၈၀၊ ဗလာစာအုပ် ၄၁၇ဒါဇင်နှင့် ခဲတံ ၂၁၄ဒါဇင်၊ ပညာသင်ထောက်ပံ့ ကြေး ငွေကျပ်၄၇၈၇၇၀တို့ကို ပေးအပ်ရာ ကိုယ်စားလှယ် သုံးဦးတို့က လက်ခံကြသည်။

ဆက်လက်၍ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီဒါရိုက်တာ ဦးကျော်မင်းထွန်းက သင်ကြားမှုအထောက်အကူပြုပစ္စည်း ကွန်ပျူတာသုံးစုံနှင့် ပရိဘောဂပစ္စည်းများကို လွှဲပြောင်း ပေးအပ်လှူဒါန်းရာ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးနှင့် မြို့နယ်ပညာရေးမှူးတို့က လက်ခံ ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာဝင်းက ကျောင်းဆောင်သစ် ဆောက်လုပ်ပေးမှုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်လှူဒါန်းမှုအတွက် ကျေးဇူးတင် စကား ပြောကြားသည်။

ထည့်သွင်းတည်ဆောက်

ယခုလွှဲပြောင်းပေးအပ်သည့် နေပြည်တော် အမှတ်(၁၃) အခြေခံပညာ အထက်တန်း ကျောင်း ပင်မကျောင်းအဆောက်အအုံမှာ ၂၇၂ပေ × ၂၁၆ပေရှိ နှစ်ထပ်ကျောင်းဆောင် ဖြစ်ပြီး ကျောင်းအုပ်ကြီးနေအိမ်၊ ရှစ်ခန်းတွဲ ဆရာ ဆရာမဆောင်နှင့် ပေ၃၀၀×ပေ ၁၈၀ရှိ ကျောင်းအားကစားကွင်းတို့ပါ ထည့်သွင်းတည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှ အသက် (၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲဖွင့်

ရန်ကုန် ဇူလိုင် ၅

(၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက် (၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ (7th SEABA U -18) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အမှု ဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ လာအို၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံ သံရုံးတို့မှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များနှင့် ဘတ် စကက်ဘော အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြိုင်ပွဲကို ကြီးကြပ်ကြမည့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် အိမ်ရှင် မြန်မာတို့မှ ပြိုင်ပွဲဝင် အားကစားသမားများသည် သတ်မှတ်ထားသောနေရာတို့၌ နေရာယူ ကြပြီး ဝန်ကြီး သူရဦးအေးမြင့်က အဖွင့် အမှာစကား ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ အာရှဘတ်စကက်ဘော အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးကိုယ်စား အပြည်ပြည်ဆိုင်ရာ အာရှဘတ်စကက်ဘော အဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ COL. LEE KAK KWUN က သဝဏ်လွှာ ကို ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘတ်စကက် ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယ ဥက္ကဋ္ဌ ဦးမြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်နှင့် တာဝန်ရှိသူ တို့က ပြိုင်ပွဲဝင်အားကစားအသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး (၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက် (၁၈)နှစ်နှင့် အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တေးသံရှင်များက အဖွင့် သီချင်းနှင့် တေးဂီတအစီအစဉ်များဖြင့် ဖျော်ဖြေကြပြီး ဖွင့်ပွဲအထိမ်းအမှတ် အရုပ် မြန်မာ့ရိုးရာသူငယ်တော်အကဖြင့် ဖျော်ဖြေ ကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

အနိုင်ရ

ပထမနေ့ပွဲစဉ်တွင် မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး မြန်မာအသင်းက ၇၀၊ ၆၂မှတ်ဖြင့် အနိုင်ရ သည်။

ပေးအပ်ချီးမြှင့်

အနိုင်ရရှိသွားသော မြန်မာလူငယ် လက်ရွေးစင် ဘတ်စကက်ဘောအသင်းအား မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ်သိန်း ၂၀ကို ပေးအပ်ချီးမြှင့်သည်။

ဒုတိယပွဲစဉ်အဖြစ် မလေးရှားအသင်း နှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစား ကြရာ ဖိလစ်ပိုင်အသင်းက ၈၇မှတ်၊ ၅၉မှတ်ဖြင့် အနိုင်ရရှိသည်။

တတိယပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စင်ကာပူအသင်းက ၄၇မှတ်၊ ၃၉မှတ်ဖြင့် အနိုင်ရရှိသည်။

ယှဉ်ပြိုင်ကစားမည်

ပြိုင်ပွဲကို ဇူလိုင်၆ရက် နံနက် ၉နာရီ တွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက် ကျင်းပမည်ဖြစ်ပြီး ပထမပွဲတွင် မြန်မာ အသင်းနှင့်ဖိလစ်ပိုင်အသင်း၊ ဒုတိယပွဲတွင် စင်ကာပူနှင့်မလေးရှားအသင်း၊ တတိယပွဲ တွင် ထိုင်းနှင့်လာအိုအသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် (၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက် (၁၈)နှစ် နှင့်အောက် အမျိုးသား ဘတ်စကက် ဘောပြိုင်ပွဲ (7th SEABA U -18) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသသောက်သုံးရေရရှိရေး

ကျောက်ကြီးမြို့နယ်၌ဆောင်ရွက်

ကျောက်ကြီး ဇူလိုင် ၅

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ရွာကြီးအင်းကျေးရွာ တွင် တစ်လက်မခွဲ တွင်းတိမ်တစ်တွင်း တူးဖော်ခြင်းလုပ်ငန်းကို ဇွန် ၂၇ရက်က အမှုဆောင် အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြတ်စိုးတို့ ကြီးကြပ်ဆောင်ရွက် ပေးခဲ့ကြသည်။ ***(မြို့နယ်စည်ပင်)***

6-7 (10).pmd 1 7/6/2010, 1:48 AM

ဇွန် ၂၇ ရက်က ၂၀၁၀ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲတွင် အမျိုးသမီးပြိုင်ပွဲ၌ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခုဖြင့် ပထမရရှိသော ကယားပြည်နယ်အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးသူရဦးအေးမြင့်က တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။

(ကရာတေးဒိုအဖွဲ့ချုပ်)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ကွတ်ခိုင် ဇူလိုင် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်ပွဲကို ဇွန် ၁၈ ရက်က ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ခိုင်စိုးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ၊ ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းတာဝန်များ ဆွေးနွေးပို့ချသည်။

အလားတူ ဇွန် ၂၁ရက်က တာမိုးညဲနယ်မြေရှိ ရပ်ကွက် ရှစ်ခုနှင့် ကျေးရွာအုပ်စု ၂၉ ခုမှ ကော်မရှင်အဖွဲ့ခွဲဝင်များအားလည်းကောင်း၊ ဇွန် ၂၄ရက်တွင် နမ့်ဖက်တာနယ်မြေရှိကျေးရွာအုပ်စု ၂၀ မှ ကော်မရှင်အဖွဲ့ခွဲဝင်များအားလည်းကောင်း သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ

➤ အာကာဟိန်း - စုစည်းသည် ➤

တောရက်စ် ဂိုးသွင်းမည်ဟု ပြောကြား

၂၀၁၀ကမ္ဘာ့ဖလားပွဲ၌ ဂိုးမသွင်းနိုင်သေးသော စပိန်တိုက်စစ်မှူး တောရက်စ်သည် အကြိုဗိုလ်လုပွဲ၌ ဂျာမနီအသင်းအား ဂိုးသွင်းနိုင်လိမ့်မည်ဟု စပိန်နည်းပြ ဒယ်ဘော့စကေးက ဇူလိုင် ၅ရက်၌ ပြောကြားသည်။

နည်းပြမာရာဒိုနာ အမှားပြုလုပ်ခဲ့ဟု မီဒီယာများဖော်ပြ

ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဂျာမနီအသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲ၌ အာဂျင်တီးနားအသင်းနည်းပြ မာရာဒိုနာသည် နည်းစနစ်အမှားအယွင်းများ ပြုလုပ်ခဲ့ကြောင်း၊ ချိန်ကိုက် ကစားသမားအစားထိုးမှု ပျက်ကွက်ခဲ့ကြောင်း အာဂျင်တီးနားမီဒီယာများက ဇူလိုင် ၅ရက်၌ ဖော်ပြသည်။

ဂျာမနီအသင်းဖလားရနိုင်ဟု ဘက်ဟမ်း ပြောကြား

ဂျာမနီအသင်းသည် ၂၀၁၀ ကမ္ဘာ့ဖလားနှင့် အထိုက်တန်ဆုံးဖြစ်ကြောင်း၊ ဖလားဆွတ်ခူးနိုင်သည့် ခြေစွမ်းရှိခဲ့ကြောင်း အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဘက်ဟမ်းက ဇူလိုင် ၅ ရက်၌ ပြောကြားသည်။

ဥရုဂွေးအသင်း၌ ယုံကြည်မှုအပြည့်ရှိကြောင်း ဆွာရက်ဇ်ပြောကြား

ဥရုဂွေးသည် အကြိုဗိုလ်လုပွဲ၌ နယ်သာလန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း အနိုင်ရရှိမည်ဟု ယုံကြည်မှုအပြည့်ရှိကြောင်း ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်က ဇူလိုင် ၅ ရက်၌ ပြောကြားသည်။

ကလိုဆေး၏ အားများ အဖိုးတန်ခဲ့ကြောင်း နည်းပြပြောကြား

ဂျာမနီအသင်း တိုက်စစ်မှူးအတွက် ကလိုဆေးနှင့် ပိုဒေါ်စကီးတို့အား ရွေးချယ်ခဲ့ရာတွင် ဝေဖန်ပြစ်တင်မှုများ ခံခဲ့ရသော်လည်း မိမိမတုန်လှုပ်ခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦး၏အားများက ဂျာမနီအသင်း နိုင်ပွဲများရရှိစေခဲ့ကြောင်း ကလိုဆေး၏ ဂိုးသွင်းအားများ အဖိုးတန်ခဲ့ကြောင်း ဂျာမနီနည်းပြ ဂျိုအာချင်လိုက ဇူလိုင်၅ရက်၌ သတင်းထောက်များအား ပြောကြားသည်။

စပိန်ကို ခက်ခဲစွာရင်ဆိုင်ရမည်ဟု အိုဇယ် ဖွင့်ဟ

အကြိုဗိုလ်လုပွဲ၌ စပိန်အသင်းနှင့်ယှဉ်ပြိုင်ကစားသည့်အခါ အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်ကြောင်း၊ သို့ရာတွင် မိမိတို့ အကောင်းဆုံးခြေစွမ်းရှိနေကြောင်း ဂျာမနီ ကွင်းလယ်ကစားသမား အိုဇယ်က ဇူလိုင် ၅ရက်၌ ပြောကြားသည်။

ဗိုလ်လုပွဲတက်ရောက်မည်ဟု လူဂါနို ပြောကြား

မိမိတို့ ဥရုဂွေးအသင်းသည် ခက်ခဲစွာရရှိထားသော အခွင့်အရေးတစ်ရပ်ကို အမှားမခံဘဲ နိုင်ပွဲရလဒ်ရရှိအောင် အကြိုဗိုလ်လုပွဲ၌ နယ်သာလန်ကို ထိန်းချုပ်ကစားသွားမည်ဖြစ်ကြောင်း ဥရုဂွေးအသင်းခေါင်းဆောင် လူဂါနိုက ဇူလိုင် ၅ရက်၌ သတင်းထောက်များအား ပြောကြားသည်။

ဂျာမနီလူငယ်ကစားသမားများကြောင့် အောင်မြင်မှုများရရှိခဲ့

ဂျာမနီအသင်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ရာတွင် လူငယ်ကစားသမားများ၏ ကြိုးစားမှုနှင့် စွမ်းရည်များကြောင့်ဖြစ်ကြောင်း၊ ဂျာမနီလူငယ်ကစားသမားများသည် အရည်အချင်းပြည့်ဝသူများဖြစ်ကြောင်း တိုက်စစ်မှူးကလိုဆေးက ပြောကြားခဲ့သည်။

(အင်တာနက်)

လိမ္မော်ရောင်တို့၏ မျှော်လင့်ချက်ပြည့်ဝနိုင်ပါ့မလား

ခံစစ်ကြောင်းကို ခိုင်မာအောင် တည်ဆောက်မည့် ဥရုဂွေး

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇူလိုင် ၅

၂၀၁၀ ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲကို ဇူလိုင် ၇ ရက် နံနက် ၁ နာရီ၌ တောင်အာဖရိကနိုင်ငံ ကိတ်ဗ်တောင်းမြို့ အားကစားကွင်း၌ ဥရုဂွေးနှင့် နယ်သာလန်တို့ အကြိတ်အနယ် ဆင်နွှဲကြမည်ဖြစ်သည်။ ယခုကမ္ဘာ့ဖလားပွဲ၌ ဥရုဂွေးတို့ နယ်သာလန်ကို ခြေကုန်ဖွင့်ကစားရမည်ဖြစ်သကဲ့သို့ နယ်သာလန်တို့ကလည်း အဓိက ကစားသမား အကုန်ထုတ်ပြီး နိုင်ပွဲရရန် ကြိုးစားရတော့မည်ဖြစ်သည်။

အများဆုံးဂိုးသွင်းမှု

ဥရုဂွေးအသင်းသည် ကွာတားဖိုင်နယ် ပွဲစဉ်၌ ဂါနာကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် နိုင်ပွဲရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ဥရုဂွေးတို့ ဖြတ်သန်းခဲ့သည့် ယခုကမ္ဘာ့ဖလားပွဲ၌ အားရစရာကောင်းသည့် ခြေစွမ်းမျိုးမရှိခဲ့ချေ။ အုပ်စုပွဲများ ကစားခဲ့ရာတွင် အိမ်ရှင် တောင်အာဖရိကအသင်းကို သုံးဂိုးသွင်းယူနိုင်ခဲ့သည်မှာ အများဆုံးဂိုးသွင်းမှုပင်ဖြစ်သည်။

ရှုံးထွက်အဆင့်၌ တောင်ကိုရီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ဥရုဂွေးခြေစွမ်းမှာ ရန်းကန်အားထုတ်မှုများခဲ့သည်။ ကွင်းလယ်ကစားအား အသာစီးမရယူနိုင်သည့်အတွက် ပွဲတိုင်း ခက်ခဲစွာ ဖြတ်သန်းခဲ့ရသည်။ တိုက်စစ်တွင် ဖော်လန်နှင့် ဆွာရက်ဇ်တို့က တိုးနိုင်၊ ဂိုးသွင်းနိုင်သူများ ဖြစ်သော်လည်း ကွင်းလယ်မှ တိကျသော ပံ့ပိုးမှုများမရသဖြင့် ဂိုးရရှိရေးအတွက်ကွင်းလယ်နှင့် တောင်ပံများအထိ လိုက်ပါရယူကစားခဲ့ရသည်။ ယခုပွဲ၌ အားကိုးရသော ဆွာရက်ဇ်နှင့် ဖူစီလီတို့ ပွဲပယ်ခံထားရသဖြင့် ဥရုဂွေးတိုက်စစ် အားနည်းနေမည်ဖြစ်သည်။

ဥရုဂွေးအသင်းအတွက် ဖော်လန် ဘယ်လို ဖန်တီးပေးနိုင်မလဲ။

ဗန်ပါစီ နယ်သာလန်အသင်းအတွက် ဂိုးသွင်းပေးနိုင်ပါ့မလား။

ခက်ခဲမည်

အပေးအယူမျှသည့်တိုက်စစ် အတွဲမရှိသည့် ဖော်လန်အတွက် အခက်အခဲတွေ့မည်မှာ အမှန်ပင်။ တစ်ဖန် ဥရုဂွေး ကွင်းလယ်ကစားသမား လိုဒီရီရို ခြေချောင်းကျိုးနေသဖြင့် ယခုပွဲ၌ ပါဝင်ကစားနိုင်မည်မဟုတ်ချေ။ အသင်းခေါင်းဆောင် လူဂါနိုမှာလည်း ဒူးဒဏ်ရာရရှိထားသဖြင့် ကြံ့ခိုင်မှုမပြည့်ဖြစ်နေရာ ဥရုဂွေးတို့အတွက် ပွဲထွက်ကစားသမား အခြေအနေက အားရဖွယ်ရှိမည်မဟုတ်ရာ နယ်သာလန်ကိုရင်ဆိုင်ရန် ခက်ခဲမည်ဖြစ်သည်။

ဥရုဂွေးနှင့် နယ်သာလန်တို့ ၁၉၇၄ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားပွဲ၌ အုပ်စုပွဲစဉ်တွင် ဥရုဂွေးတို့နှစ်ဂိုးပြတ်ဖြင့် ရှုံးခဲ့ဖူးသည့် မှတ်တမ်းလည်းရှိသည်။ လက်ရှိကစားအားနှင့် နယ်သာလန်ကို အနိုင်ရရန် မလွယ်ကူချေ။ ဥရုဂွေးတို့ ခံစစ်အထိုင်တန်ပြန်တိုက်စစ်ကို အသုံးပြုမည်ဖြစ်ရာ နယ်သာလန်ခံစစ်ကြောင်းကို မည်သို့ကျော်ဖြတ်ရမည်ကို ကြည့်ရမည် ဖြစ်သည်။

ကျော်ဖြတ်မည်

နယ်သာလန်တို့အနေအထားကား ဘရာဇီးကို ကျော်ဖြတ်အနိုင်ယူခဲ့မှုခြေစွမ်းက ကျေနပ်ဖွယ်ရာပင်ဖြစ်သည်။ နယ်သာလန်တို့က ပွဲတိုင်းကစားအားကောင်းခဲ့သည်။ ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကစားနိုင်သူများ ရှိနေသည်။ တောင်ပံတိုက်စစ်တွင် ဟန့်တားရခက်ခဲသည့် ရော်ဘင်တို့လို ကစားသမားများနှင့် ဗန်ပါစီတို့လို တိုက်စစ်အားကောင်းသူများရှိနေရာ ဥရုဂွေးခံစစ်တံတိုင်းကို ကျော်ဖြတ်ကြမည်ဖြစ်သည်။

တံတောင်ဆစ်ရိုး ထိခိုက်ဒဏ်ရာရရှိထားသည့် ဗန်ပါစီမှာ ဆေးစစ်ချက်အရ ကောင်းမွန်သည့်အခြေအနေဖြစ်နေရာ ကြံ့ခိုင်မှုအပြည့်ဖြင့်ကစားနိုင်မည်ဖြစ်သည်။ နောက်ခံလူ မက်ဂျီဆန်မှာ ဒူးဒဏ်ရာရရှိထားသော်လည်း သက်သာနေပြီဖြစ်၍ ပြန်လည်ပါဝင်ကစားမည်ဖြစ်သည်။

မလွယ်ကူ

နယ်သာလန်တို့က ယခုကမ္ဘာ့ဖလားပွဲ၌ ဖလားဆွတ်ခူးနိုင်ရေးအထိ မျှော်မှန်းနေပြီဖြစ်ရာ ဥရုဂွေးကို ခြေကုန်ထုတ်၍ အင်အားပြည့်သုံးပြီး အနိုင်ရလဒ်သိမ်းပိုက်ရေးကြိုးစားမည်ဖြစ်သည်။ နေရာလိုက် ကစားအားတွင်လည်း နယ်သာလန်တို့က ပိုမိုစွမ်းဆောင်နိုင်မှုရှိသည်ဖြစ်ရာ ဥရုဂွေးတို့ ဂိုးမပြတ်ရေးသာ အာရုံစိုက်ရမည်ဖြစ်သည်။ နယ်သာလန်ကွင်းလယ်မှ ရှနိုက်ဒါ၏ ဖန်တီးပေးနိုင်မှုနှင့် ဂိုးသွင်းနိုင်မှုများက နယ်သာလန်တိုက်စစ်ကို အဟုန်မြင့်စေနိုင်သည်ဖြစ်ရာ ဥရုဂွေးတို့ ကွင်းလယ်ကစားကွက်ကိုစီးထားရန် မလွယ်ကူချေ။

သို့သော် နယ်သာလန်တိုက်စစ်မှူးများနှင့် ကွင်းလယ်မှ ရှနိုက်ဒါတို့ တိုက်စစ်မကျွံမိရန်နှင့် ထိန်းရန်လိုအပ်လေသည်။ ဥရုဂွေးတို့က တန်ပြန်တိုက်စစ်ကို လျင်မြန်စွာ အသုံးချသွားနိုင်လျှင် နယ်သာလန်တို့ အငိုက်မိသွားနိုင်သည်။

ဂိုးများပေးသွားရနိုင်

သမိုင်းအစဉ်အလာနှင့် အသင်းလိုက် ကစားအားတွင် ဥရုဂွေးတို့ နယ်သာလန်ကို အသာစီးရရန် ခက်ခဲမည်ဖြစ်သည်။ အခိုင်အမာတည်ဆောက်မည့် ဥရုဂွေးခံစစ်ကြောင်းကို နယ်သာလန်တို့က ရော်ဘင်၏အတိုး၊ အလှုပ်များဖြင့် ဟန်ချက်ပျက်စေပြီး ဗန်ပါစီ၊ ရှနိုက်ဒါတို့က အဆုံးသတ်သေချာခဲ့လျှင် ဥရုဂွေးတို့ ဂိုးများပေးသွားရနိုင်သည်။

ယခုပွဲ၌ လိမ္မော်ရောင်တို့ အောင်ပွဲခံမှု ရှိမရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

ကတ္တရာထပ်ပိုးလွှာခင်း

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြလမ်းတံတားလုပ်ငန်းဖြစ်သော ဖြူးမြို့ အမှတ် ၃၉လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဖွင့်ဟဆင့်ဆို ခွန်းဆချို သုံးသပ်ပြောကြား ကမ္ဘာ့ဖလား

➢ တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်) ➢ စာမျက်နှာပွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၅

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကား အကြိုဗိုလ်လုပွဲများအထိ ခရီးရောက်လာပြီဖြစ်သည်။ ကမ္ဘာ့ဖလားမျှော်မှန်းထားပြီး ရေပန်းစားခဲ့သော အသင်းအချို့လမ်းခုလတ်၌ ကျန်ရစ်ခဲ့ပြီ။ ထိုက်တန်သည့် ခြေစွမ်းပြနိုင်ခဲ့သောအသင်းများ အကြိုဗိုလ်လုပွဲအထိ တက်လှမ်းလာနိုင်ခဲ့သည်။ ရင်ခုန်သံများ ဆူညံစေခဲ့သော ၂၀၁၀ကမ္ဘာ့ဖလားပွဲကား ပရိသတ်အတွက် ချိုမြသောရသ၊ ခါးသီးသော ခံစားမှုများကိုလည်း ပေးနိုင်ခဲ့သည်။

ထို့ကြောင့် ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲများ မယှဉ်ပြိုင်မီ ယင်းပွဲများနှင့် ပတ်သက်ပြီး အားကစားနယ်ပယ်မှ ပုဂ္ဂိုလ်အချို့အား မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းမှုကို ဖော်ပြရပါလျှင်-



"ဂျာမနီကို စပိန် မနိုင်နိုင်ဘူး"
ဦးခင်မောင်ထွေး

ဦးခင်မောင်ထွေး
(အားကစားကလောင်ရှင်)

"အကြိုဗိုလ်လုပွဲတွေ ကတော့ အကြိတ်အနယ်ရှိမှာပါပဲ။ အထူးသဖြင့် စပိန်နဲ့ဂျာမနီပွဲကပိုပြီး ကြည့်ကောင်းမှာပါ။ ဂျာမနီအသင်းက ပိုပြီး ခြေအဆင့်အတန်းရှိတယ်။ ကစားအားကလည်း အကောင်းဆုံးအနေအထားရှိနေတယ်။ အခု ကမ္ဘာ့ဖလားပွဲမှာ ဖြတ်သန်းခဲ့မှုကိုကြည့်ရင် ဂျာမနီခြေစွမ်းက ကမ္ဘာ့ဖလားနဲ့ ထိုက်တန်တဲ့ အနေအထားပါပဲ။ စပိန်အသင်းက အခုကမ္ဘာ့ဖလားပွဲမှာ ဖြတ်သန်းခဲ့တဲ့ခြေက အားရစရာတော့မရှိဘူး၊ ဘောလုံးစွမ်းရည် သိပ်မပြည့်ဘူး၊ ပါရာဂွေးအသင်းကိုတောင် ခက်ခက်ခဲခဲကစားခဲ့ရတာဆိုတော့ ဂျာမနီကို သိပ်မလွယ်ဘူးထင်ပါတယ်။ နယ်သာလန်နဲ့ ဥရုဂွေးပွဲမှာ နယ်သာလန်က ပိုပြီး အားကောင်းတာပေါ့၊ ဒါပေမယ့် နယ်သာလန်အသင်းဟာ အကောင်းဆုံး မဟုတ်သလို အညံ့ဆုံးလည်းမဟုတ်ပြန်ဘူး၊ နယ်သာလန်မှာ ဂိုးရရေးအတွက် အားထားရသူတွေ များတယ်။ ဥရုဂွေးကတော့ ဖော်လန်နဲ့ ဆွာရက်ဇ်တို့လောက်ပဲရှိတာ၊ ကိုယ့်အထင်တော့ နယ်သာလန် ပွတ်ကာသီကာအနိုင်ရမယ်လို့ ယူဆတယ်၊ နောက်ပြီး နောက်ဆုံးဗိုလ်လုပွဲကို ဂျာမနီနဲ့ နယ်သာလန်တို့ တက်ရောက်နိုင်မယ်ထင်တယ်"။

ဦးဖေသိန်း(အားကစားကလောင်ရှင်)

"အကြိုဗိုလ်လုပွဲအဖြစ် ဂျာမနီနဲ့ စပိန်ပွဲဟာ နောက်ဆုံးဗိုလ်လုပွဲဖြစ်သင့်တယ်၊ အသင်းလိုက်ဆီလျော်မှု၊ စိတ်ဓာတ်နဲ့ကစားအားတွေက ကျန်အသင်းတွေထက် ပိုကောင်းလို့ပါပဲ။ အခု ဂျာမနီနဲ့ စပိန်ပွဲမှာ လက်ရှိခြေစွမ်းအရ ဂျာမနီတို့ အနိုင်ရဖို့ အခွင့်ပိုသာပါတယ်။ ဂျာမနီမှာ လူငယ်၊ လူကြီးပေါင်းစပ်မှုအနေအထားက ကောင်း

"ဗိုလ်လုပွဲကို ဂျာမနီနဲ့ နယ်သာလန်တို့ တက်သင့်တယ်"
ဦးဖေသိန်း

ပြီး မူလာနဲ့ အိုဇယ်တို့လို လူငယ်တွေက အားထားရတယ်။ စပိန်မှာလည်း ကစားသမားတစ်ဦးချင်းအလိုက် စွမ်းရည်မြင့်ကြပါတယ်။တောရက်စ် ခြေမှန်မပေါ်လို့ စပိန်တိုက်စစ်က မသွက်လက်ပေမယ့် ဗီလာ၊ ဇာဗီ၊ ဖာဘရီဂတ်စ်တို့အားနဲ့ ထိန်းနိုင်တယ်။ စပိန်က ကစားကွက်စိပ်လွန်းတယ်။ ဘောလုံးပျက်တာများတယ်။ ဂျာမနီက ကစားကွက်ချဲ့ကစားနိုင်တာမို့ ထိရောက်မှုပိုရှိတယ်။ ဂျာမနီအသာ ရနိုင်တာပေါ့။ ဥရုဂွေးနဲ့ နယ်သာလန်တို့ပွဲကတော့ နယ်သာလန်တို့က တစ်ဦးချင်း ကစားအား ပိုကောင်းပါတယ်။ ဂိုးသွင်းနိုင်တဲ့သူလည်း များတယ်။ ဥရုဂွေးတို့က တိုက်စစ်မှာ ကစားသမားအားမကောင်းဘူး၊ ဘရာဇီးကို ကစားခဲ့တဲ့ နယ်သာလန်ခြေစွမ်းအတိုင်းဆိုရင် ဥရုဂွေးတို့ အခက်အခဲရှိနိုင်တယ်။ လက်ရှိခြေစွမ်းနဲ့ ပွဲထွက်ကစားသမားတွေအရ နယ်သာလန်နိုင်ပွဲရနိုင်ပါတယ်။ နောက်ဆုံး ဗိုလ်လုပွဲကို ဂျာမနီနဲ့ နယ်သာလန်တို့ တက်လာသင့်တယ်လို့ ထင်ပါတယ်"။

ဦးစိုးမြင့်လွင်(နည်းစနစ်ဒါရိုက်တာ)
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်

"အကြိုဗိုလ်လုပွဲအဖြစ် ဂျာမနီနဲ့ စပိန်မှာ ဂျာမနီကို ပိုကြိုက်ပါတယ်။ ဂျာမနီ ခြေစွမ်းဟာ အတည်ငြိမ်ဆုံးဖြစ်လို့ပါ။ ဂျာမနီအသင်းဟာ ဥရောပအသင်းချင်း

"အသင်းတိုင်း အခွင့်အရေး ကိုယ်စီ ရှိကြပါတယ်"
ဦးစိုးမြင့်လွင်

တွေ့ဆုံတဲ့အခါတိုင်း နိုင်ပွဲရတာများပါတယ်။ ဒါပေမယ့် စပိန်အသင်းကလည်း ကစားသမား စုစည်းမှုကောင်းတယ်။ နှစ်သင်းစလုံးရဲ့ ကစားအားမှာ ဂျာမနီပိုပြီး သာတယ်လို့ ပြောလို့ရပေမယ့် အနိုင်ရမှုအခွင့်အရေးကတော့ ၅၀ရာခိုင်နှုန်းစီရှိကြတာပါ။ နယ်သာလန်နဲ့ ဥရုဂွေးပွဲမှာတော့ နယ်သာလန်တို့ အနိုင်ရဖို့များပါတယ်။ နယ်သာလန်တိုက်စစ်အားက ဥရုဂွေးထက်ပိုကောင်းပြီး ဂိုးသွင်းနိုင်တဲ့အားပိုပြည့်ဝတယ်။ ဥရုဂွေးရဲ့ အနေအထားကလည်း ကြွံ့ကြွံ့ခံပြီး ခံစစ်လုံအောင် ထိန်းကစားရင် နယ်သာလန် အခက်တွေ့နိုင်တယ်။ အကြိုဗိုလ်လုပွဲရဲ့ ဂျာမနီနဲ့ စပိန်တို့ပွဲမှာ နိုင်တဲ့အသင်းဟာ နောက်ဆုံး ကမ္ဘာ့ဖလား ဆွတ်ခူးသွားနိုင်ပါတယ်"။

ဦးခင်မောင်ကြိုင်
(အမှုဆောင်အရာရှိကမ္ဘောဇအက်ဖ်စီ)

"အကြိုဗိုလ်လုပွဲမှာ ဂျာမနီနဲ့ စပိန်တို့အနက် ဂျာမနီရဲ့ကစားအား၊ အသင်းစိတ်ဓာတ်၊ အပေးအယူမျှတမှုတွေကို သဘောကျတယ်။စပိန်အသင်းရဲ့ကွင်းလယ်

"နယ်သာလန်နဲ့ ဂျာမနီတို့ အခွင့်အရေးသာနိုင်ပါတယ်"
ဦးခင်မောင်ကြိုင်

ကစားအားဟာ ဂျာမနီတို့လောက်အား မကောင်းဘူး၊ အခုရှုံးခဲ့တဲ့အသင်းတွေကို ကြည့်ရင် ကွင်းလယ်ကစားအား ဦးစီးဦးဆောင်လုပ်နိုင်တဲ့သူတွေ မရှိလို့ဆိုတာတွေ့ရတယ်၊ ဂျာမနီဟာ ပွဲတိုင်းကျွန်ရေရရ ကစားနိုင်ခဲ့တယ်၊ စပိန်ဟာ အသင်းလိုက် ကစားအားနဲ့ စိတ်ဓာတ်အပိုင်းမှာ ဂျာမနီကို မယှဉ်နိုင်ဘူး၊ ဒီပွဲမှာ နှစ်သင်းစလုံး ထိန်းကစားသွားနိုင်တယ်၊ဥရုဂွေးနဲ့ နယ်သာလန်ပွဲမှာလည်း နယ်သာလန်ကွင်းလယ် ကစားအားက ပိုကောင်းတယ်၊ ဥရုဂွေးရဲ့ ကွင်းလယ်ကစားသမားတွေက လုပ်နိုင်ကိုင်နိုင်၊ ဖန်တီးနိုင်မှုအားနည်းတာတွေ့ရတယ်၊ ဒါကြောင့် ဂျာမနီနဲ့ နယ်သာလန်တို့ အခြေအနေကောင်းနိုင်တယ်လို့ ယူဆပါတယ်"။

ကိုစိုးမိုး(မီဒီယာ ဒါရိုက်တာ)
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်

"ဒီနှစ်ကမ္ဘာ့ဖလားပွဲ ရလဒ်တွေဟာ မထင်မှတ်တာတွေ အများကြီးဖြစ်နေ

"ကျွန်တော့်အကြိုက်က ဂျာမနီနဲ့ နယ်သာလန်ပါ"
ဦးစိုးမိုး

တာပါ၊ ဘရာဇီးနဲ့ အာဂျင်တီးနားတို့ ပြုတ်သွားလို့ အံ့သြရတယ်၊ အခုအကြိုဗိုလ်လုပွဲမှာ ဂျာမနီနဲ့ စပိန်တို့ရဲ့ အနေအထားကတော့ ဂျာမနီခြေကအကောင်းဆုံး ရနေချိန်ပါပဲ။ ဂျာမနီဟာ စပိန်ထက်စာရင် စိတ်ဓာတ်၊ ကစားအား လျင်မြန်မှုတွေ ပိုကောင်းတယ်။ တစ်ဦးချင်းကျွမ်းကျင်မှုမှာ စပိန်တို့သာတယ်လို့ဆိုပေမယ့် အသင်းလိုက်ဟန်ချက်မျှတမှုမှာ ဂျာမနီတို့က အားသာပါတယ်။ ဒါပေမယ့် စပိန်ကလည်း တိုက်စစ်မှူးတွေ ခြေစွမ်းပြနိုင်ရင်တော့ အကြိတ်အနယ်ဖြစ်မှာပါ။ နိုင်ပွဲရလဒ်အတွက် အခွင့်အရေးမျှတနေပြီး ပယ်နယ်တီအထိလည်း ရောက်သွားနိုင်ပါတယ်။ နယ်သာလန်နဲ့ ဥရုဂွေးတို့ပွဲမှာတော့ ဘရာဇီးကို ကျော်ဖြတ်နိုင်ခဲ့တဲ့ နယ်သာလန်တို့ကို သဘောကျတယ်။ တစ်ဦးချင်း လျင်မြန်မှု၊ နားလည်မှုအပိုင်းတွေမှာ ဥရုဂွေးတို့ မယှဉ်နိုင်ဘူးလို့ထင်တယ်။ ဒါပေမယ့်နယ်သာလန်တို့ခက်ခက်ခဲခဲဖြတ်ကျော်ရဖို့ရှိပါတယ်။ ဗိုလ်လုပွဲကို ဂျာမနီနဲ့ နယ်သာလန်တို့ တက်ရောက်နိုင်မယ်လို့ မျှော်လင့်ရပါတယ်"။

ဦးဇင်မင်းမောင်
(အားကစားကလောင်ရှင်)

"အကြိုဗိုလ်လုပွဲအဖြစ် ဥရုဂွေးနဲ့ နယ်သာလန်တို့ပွဲမှာ ဥရုဂွေးဟာ နယ်သာလန်ကို အသင်းအားချင်းယှဉ်လို့ မရနိုင်ဘူး။ ဥရုဂွေးအနေနဲ့ ဂိုးရဖို့မလွယ်သလို နယ်သာလန်တိုက်စစ်ကို ရေရှည်တောင့်ခံနိုင်ဖို့မလွယ်ဘူး။ နယ်သာလန်တိုက်စစ်မှူးတွေဟာ အနားခံထိုးဖောက်ကစားပြီး ဂိုးရအောင် သွင်းယူကြမှာပါ။ ဥရုဂွေးတို့ကတော့ မိနစ် ၉၀ အထိ သရေရအောင်ထိန်းပြီးကစားဖို့ ကြိုးစားသွားမယ်ထင်တယ်။ ဂျာမနီနဲ့ စပိန်တို့ပွဲမှာတော့ အာဂျင်တီးနားကိုနိုင်ခဲ့လို့ ဂျာမနီတို့ စိတ်ဓာတ်တက်ကြွနေတယ်။ ယုံကြည်မှုတွေ ရှိနေတယ်။

"စပိန် အနိုင်ရမယ်လို့ ထင်တယ်"
ဦးဇင်မင်းမောင်

ဒါပေမယ့် မူလာက ပွဲပယ်ခံရတယ်ဆိုတော့ ကစားအားလျော့သလို ဖြစ်သွားနိုင်တယ်။ စပိန်တို့က အထိအတို့လေးတွေနဲ့ ကစားပြီး တစ်ဦးချင်း စွမ်းရည်တွေနဲ့ ပေါင်းစပ်လိုက်ရင် စပိန်တို့ အခွင့်အရေးကောင်းတွေရပြီး အနိုင်ရသွားနိုင်ပါတယ်။ ဂျာမနီက လျင်မြန်မှုနဲ့ အဝေးပေးမှုတွေ တွဲပြီးကစားတာမို့ ကစားပုံချင်းတော့ မတူပါဘူး။ ဒီပွဲဟာ နှစ်သင်းစလုံး အပြန်အလှန်ဂိုးသွင်းမှုတွေရှိနိုင်ပြီး အနိုင်ကတော့ စပိန်ဖြစ်သွားနိုင်မယ်လို့တွေးဆမိပါတယ်။ ဒါကြောင့် ဗိုလ်လုပွဲကို စပိန်နဲ့ နယ်သာလန်တို့ တက်ရောက်နိုင်ပြီး ၂၀၁၀ ကမ္ဘာ့ဖလားဟာ စပိန်တို့ ဆွတ်ခူးသွားနိုင်မယ်လို့လည်း မှန်းဆမိပါတယ်"ဟု ၎င်းတို့၏ သုံးသပ်မှုများကို အသီးသီးဖွင့်ဟသွားကြပါကြောင်း။ ။

(မြန်မာ့အလင်း)

ဥရုဂွေးကတော့ ဖော်လန်နဲ့ ဆွာရက်ဇ်တို့လောက်ပဲရှိတာ၊ ကိုယ့်အထင်တော့ နယ်သာလန် ပွတ်ကာသီကာ အနိုင်ရမယ်လို့ ယူဆတယ်၊ နောက်ပြီး နောက်ဆုံး ဗိုလ်လုပွဲကို ဂျာမနီနဲ့ နယ်သာလန်တို့ တက်ရောက်နိုင်မယ်ထင်တယ်။

ဦးခင်မောင်ထွေး

နောက်ဆုံး ဗိုလ်လုပွဲကို ဂျာမနီနဲ့ နယ်သာလန်တို့ တက်လာသင့်တယ်လို့ ထင်ပါတယ်။

ဦးဖေသိန်း

မသန်စွမ်းသူများအတွက် ဖွဲ့စည်းတည်ထောင်ထားသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ အဆိုတော် နေရဲမာန်က အလှူငွေကျပ်တစ်သိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ ပေးအပ်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်း လက်ခံယူစဉ်။
(မြန်မာ့အလင်း)

ဒေါက်တာသန္တာမြင့်အားရည်စူး၍ B.D.S(30th Batch) မှ သူငယ်ချင်းများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

ပုသိမ်မြို့ အထက(၂) (ယခင်နေရှင်နယ်အမျိုးသားကျောင်း)၌ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ပွဲအတွက် ပုသိမ်မြို့ မဟာဗန္ဓုလလမ်းနေ ကျောင်းသားဟောင်း ဦးအောင်ခ-ဒေါ်ခင်သန်း (နှင်းဝေလွင်/ နောင်ရိုး) မိသားစုက ငွေကျပ် ငါးသိန်းနှင့် ပုသိမ်မြို့ မင်္ဂလာလမ်းနေ ဦးအေးလွင်-ဒေါ်တင်တင်မြင့်(ရွှေနန်းမုန့်ဆိုင်) မိသားစုက ငွေကျပ် တစ်သိန်း လှူဒါန်းရာ ကျင်းပရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ကျောင်းသားဟောင်းများက လက်ခံယူကြစဉ်။
(၁၅၇)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် သရက်ချောင်းကျေးရွာ မူလတန်းကျောင်း အာဟာရကျွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ကျောင်းသားတစ်ဦးအား စာအုပ်နှင့်ခဲတံများ လှူဒါန်းစဉ်။
(၁၃၅)

ချမ်းသာကြွယ်ဝသည့် ကာတာနိုင်ငံ

နိုင်ငံတကာသတင်းအက်ဆေး

တိုး-ရေးသားသည်

ကာတာနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသရှိ ပါရှန်ပင်လယ်ကွေ့အနောက်ဘက်ကမ်းရိုးတန်း၏ ကျွန်းဆွယ်ပေါ်တွင် တည်ရှိသည်။ ပုလဲငုပ်ခြင်းနှင့် ငါးဖမ်းခြင်းဖြင့် အသက်မွေးခဲ့ပြီး တစ်ချိန်ကပင်လယ်ကွေ့နိုင်ငံများတွင် အဆင်းရဲဆုံး နိုင်ငံဖြစ်ခဲ့သည်။ သို့သော် ယခုအခါတွင်မူ ၁၉၄၀ ပြည့်လွန်နှစ်များကတည်းက ရေနံနှင့်သဘာဝဓာတ်ငွေ့ ထွက်ရှိမှုကြောင့် ဒေသတွင်း၌ အချမ်းသာဆုံးနိုင်ငံ ဖြစ်လာသည်။

ခံတပ်တည်ဆောက်

ကျောက်တီးမြေအများဆုံး ဖုံးအုပ်လျက်ရှိသည့် ဤနိုင်ငံသည် ၁၉၇၁ခုနှစ်တွင် ဗြိတိသျှ ကိုလိုနီအဖြစ်မှ လွတ်လပ်ရေးရရှိခဲ့သည်။ ၁၇၀၀ ပြည့်လွန်နှစ်များတွင် ဤနေရာ ဤဒေသသို့ ပြောင်းရွှေ့အခြေချလာသူများက ကာတာနိုင်ငံ၏ ကမ်းခြေတစ်လျှောက်တွင် ပုလဲငုပ်ခြင်း၊ ငါးဖမ်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။ ၁၈၆၇ ခုနှစ်တွင် အိမ်နီးချင်း ဘာရိန်းနိုင်ငံနှင့် စစ်ဖြစ်သဖြင့် ဒိုဟာမြို့မှလွဲ၍ အားလုံး ပျက်စီးကုန်သည်။ ၁၈၇၁ခုနှစ်မှ ၁၉၁၃ခုနှစ်အထိ တူရကီအော်တိုမန်တပ်များက ကာတာစော်ဘွား၏ ဖိတ်ကြားချက်ဖြင့် ခံတပ်တည်ဆောက်သည်။

၁၉၃၉ ခုနှစ်တွင် ရေနံသိုက်ရှာဖွေတွေ့ရှိသည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီးကြောင့် မတူးယူသေးပေ။ မည်သို့ပင်ဖြစ်စေ ကာတာနိုင်ငံ၏ အဓိကဝင်ငွေကို ပုလဲငုပ်ခြင်း၊ ငါးဖမ်းခြင်းမှ ရေနံရောင်းငွေသို့ ပြောင်းလဲသွားစေခဲ့သည်။

အာဏာသိမ်း

၁၉၅၀ပြည့်လွန်နှစ်များတွင် ရေနံမှရရှိငွေဖြင့် ဤနိုင်ငံ၏ အခြေခံအဆောက်အအုံကို တိုးချဲ့ပြီး ခေတ်မီအောင် ဆောင်ရွက်သည်။ ၁၉၇၁ခုနှစ် စက်တင်ဘာ ၃ရက်တွင် လွတ်လပ်ရေးရရှိသည်။ ၁၉၉၅ခုနှစ်တွင် ကာတာစော်ဘွား ခါလီဖာဘင်ဟာမက် အယ်သာနီပြည်ပသို့ရောက်ခိုက် သားဖြစ်သူ ရှိတ်ဟာမက်က အာဏာသိမ်းလိုက်သည်။

၁၉၉၆ ခုနှစ် အာဏာသိမ်းရန်ကြိုးပမ်းမှုကို ရှိတ်ဟာမက်က ဖယ်ရှားနိုင်ခဲ့သည်။ သူသည် စစ်ဦးစီးချုပ်ရာထူးနှင့် ကာကွယ်ရေးဝန်ကြီး တာဝန်တို့ကိုပါ ဆက်လက်ထိန်းထားပြီး ကာတာနိုင်ငံ၏စစ်တပ် ခေတ်မီတိုးတက်ရေးကို ကြိုးကြပ်ဆောင်ရွက်သည်။ ၂၀၀၃ခုနှစ် မတ်လမှ ဧပြီလအထိ ဤနိုင်ငံ၌ အခြေစိုက်သည့် အမေရိကန် အလယ်ပိုင်း ရှေ့တန်းစစ်ဌာနချုပ်ကို အမေရိကန်ဦးဆောင်မည့် အီရတ်စစ်ပွဲအတွက် ဗဟိုဌာနအဖြစ် အသုံးပြုသည်။

ယှဉ်ပြိုင်ခွင့်ပေး

ရှိတ်ဟာမက်လက်ထက် နိုင်ငံရေးတွင် ပိုမိုပွင့်လင်းမှုရှိရန် စီစဉ်ဆောင်ရွက်သည့် ရေနံထွက်ရှိမှုကြောင့် ဤနိုင်ငံသည် ဒေသတွင်း၌ အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ စီးပွားရေးလုပ်ငန်းတွင် တစ်မယ်ကောင်း မဟုတ်ဘဲ အမျိုးမျိုးပြောင်းလဲ ထုတ်လုပ်မှုကို အားပေးသည်။ နိုင်ငံရေးပွင့်လင်းမှု ပိုရှိလာသည့်နည်းတူ ပွင့်လင်းသော အယ်လ်ဂျာဇီရာ ဂြိုဟ်တုဆက်သွယ်ရေး ရုပ်မြင်သံကြားဌာနကို ထူထောင်သည်။ ဤဌာနက လူအများ စိတ်ဝင်စားမှု ခံရသကဲ့သို့ အိမ်နီးချင်းနိုင်ငံ အချို့၏ မလိုမုန်းထားမှုကိုပါ ခံရသည်။ ဤဌာနသည် အာရပ်ကမ္ဘာတွင် အရေးပါသည့် ရုပ်မြင်သံကြား ဌာနတစ်ခု ဖြစ်လာသည်။

လူဦးရေ ကိုးသိန်းခန့်ရှိ ကာတာနိုင်ငံတွင် ၁၉၉၉ ခုနှစ်က အဖွဲ့ဝင် ၂၉ဦး ပါဝင်သည့် မြူနီစီပါယ် ရွေးကောက်ပွဲကျင်းပခဲ့သည်။ အမျိုးသမီးများအား ပထမဆုံး မဲပေးခွင့်နှင့် ပါဝင်ယှဉ်ပြိုင်ခွင့်ပေးလိုက်သည်။

အထောက်အပံ့များစွာရရှိ

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ခွင့်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၅ ခုနှစ် ဇွန်လတွင် စတင်အသက်သွင်းလိုက်သည်။ ဤနိုင်ငံမှာ လူဦးရေနည်းသည့် နိုင်ငံဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများ တစ်ဟုန်ထိုးတိုးချဲ့ပြုပြင် တည်ဆောက်သည့်အတွက် အလုပ်သမားများအပါအဝင် နိုင်သံခြားသားများ ရောက်ရှိလာခဲ့သဖြင့် ယခုအခါ နိုင်ငံခြားသားဦးရေက နိုင်ငံသားဦးရေထက်ပင် ပိုမိုများပြား ကျော်လွန်နေပြီဖြစ်သည်။ ရေနံမှဝင်ငွေ အလျှံပယ်ရသည့်အလျောက် ဘက်စုံအကျိုးဝင်သည့် ပြည်တော်နိုင်ငံအဖြစ် အပြည့်အဝရောက်ရှိနေပြီဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းအများအပြားမှာ အခမဲ့ သို့မဟုတ် အစိုးရအထောက်အပံ့ များစွာရရှိသည်။

ကမ္ဘာပေါ်မှာ သေချာပေါက်ထွက်ရှိသည့် ဓာတ်ငွေ့သိုက်၏ ၁၅ရာခိုင်နှုန်းကျော်ကို ဤနိုင်ငံက ပိုင်ဆိုင်ထားသည်။ မျက်မှောက်ခေတ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ဓာတ်ငွေ့ စွမ်းအင်လုပ်ငန်းကို ဦးစီးချုပ်ကိုင်ရန် ကာတာနိုင်ငံက မျှော်မှန်းဦးတည်လျက်ရှိသည်။ ။

ကိုးကား-အင်တာနက်

ကာတာနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသရှိ ပါရှန်ပင်လယ်ကွေ့အနောက်ဘက် ကမ်းရိုးတန်း၏ ကျွန်းဆွယ်ပေါ်တွင် တည်ရှိသည်။ ပုလဲငုပ်ခြင်းနှင့် ငါးဖမ်းခြင်းဖြင့် အသက်မွေးခဲ့ပြီး တစ်ချိန်ကပင်လယ်ကွေ့နိုင်ငံများတွင် အဆင်းရဲဆုံး နိုင်ငံဖြစ်ခဲ့သည်။ သို့သော် ယခုအခါတွင်မူ ၁၉၄၀ ပြည့်လွန်နှစ်များကတည်းက ရေနံနှင့်သဘာဝဓာတ်ငွေ့ ထွက်ရှိမှုကြောင့် ဒေသတွင်း၌ အချမ်းသာဆုံးနိုင်ငံဖြစ်လာသည်။

ဘဝအမောပြေ

ပြန်တက်လာမယ် ....

စိတ်ရောဂါဖြစ်နေသော အစ်ကိုဖြစ်သူကို ညီဖြစ်သူက နိုင်ငံခြားသို့ သွားရောက်ကုသရန် လေယာဉ်ဖြင့်ခေါ်လာသည် -

ညီငယ် ။ ။ ကဲ - အစ်ကို လေယာဉ်ပေါ်မှာ အိပ်ပြီးသာလိုက်ခဲ့နော်။
အစ်ကို ။ ။ အေးပါ-
ညီငယ် ။ ။ ဟိုးအောက်ကိုကြည့်စမ်း၊ ပင်လယ်ကြီးကိုတွေ့လား။
အစ်ကို ။ ။ အေး - တွေ့တယ်အကျယ်ကြီးပဲ။
ညီငယ် ။ ။ ကဲ - အစ်ကိုအိပ်တော့။ ကျွန်တော်လဲအိပ်လိုက်ဦးမယ်။
အတန်ကြာသော် အိပ်ပျော်နေရာမှနိုးလာသော ညီဖြစ်သူမှာ အစ်ကိုအားရှာမတွေ့ဖြစ်နေသည်။ ဟိုဟိုဒီဒီလိုက်ရှာသော အခါထိုင်ခုံတစ်ခုံပေါ်၌ အစ်ကိုဖြစ်သူရေးထားသောစာကို တွေ့၍ ဖတ်ကြည့်လိုက်ရာ....
အစ်ကို ။ ။ ညီလေး...မင်းပြတဲ့ပင်လယ်ကိုမြင်ရတော့ ရေကူးချင်လို့ အစ်ကို ရေဆင်းကူးတယ်။ ခဏနေရင်ပြန်တက်လာမယ်၊ စိတ်မပူပါနဲ့။
ညီငယ် ။ ။ "ဟိုက်"

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး ချစ်စိုးနိုင်နှင့် တင်မာဝင်း

ဆန်းသစ်တီထွင်ကမ္ဘာတစ်ခွင် ဆန်းသစ်တီထွင်ကမ္ဘာတစ်ခွင် ဆန်းသစ်တီထွင်ကမ္ဘာတစ်ခွင် ဆန်းသစ်တီထွင်ကမ္ဘာတစ်ခွင်

မြင့်မောင်စိုး ➢ စုစည်းရေးသားသည် | စာမျက်နှာဖွဲ့စည်းမှု ➢ ဝင့်မာသွင် (မြန်မာ့အလင်း)

ဗီဇပြုပြင်ဂျုံသီးနှံများ ဩစတြေးလျ တီထွင်

ဩစတြေးလျနိုင်ငံတွင် ဂျုံသီးနှံထုတ်လုပ်မှုမြှင့်တင်ရေးအတွက် မျိုးဗီဇပြုပြင်ပြောင်းလဲထားသော ဂျုံသီးနှံများ မျိုးပွားထုတ်လုပ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဩစတြေးလျ သီးနှံသုတေသနနှင့် ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း မန်နေဂျင်းဒါရိုက်တာ ပီတာရီးဒင်းက ပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါနိုင်ငံသည် ကမ္ဘာ့စတုတ္ထအများဆုံး ဂျုံတင်ပို့သည့်နိုင်ငံဖြစ်သည်။ မျိုးဗီဇပြုပြင်ထားသော ဂျုံသီးနှံမျိုးပွားထုတ်လုပ်သွားရန် ဩစတြေးလျသိပ္ပံပညာရှင်များက ကြိုးပမ်းလျက်ရှိသည်။

ဩစတြေးလျနိုင်ငံ၏ ဂျုံသီးနှံထုတ်လုပ်မှုမှာ ယမန်နှစ်က တန်ချိန် သန်းပေါင်း ၂၀ကျော်ရှိရာမှ ယခုနှစ်အတွင်း သန်းပေါင်း ၂၁သန်းကျော်ထွက်ရှိလိမ့်မည်ဟု စိုက်ပျိုးရေးနှင့် စီးပွားရေးပညာရှင်များက ခန့်မှန်းထားသည်။ (အင်တာနက်)

အကြီးဆုံး လေစွမ်းအင် ဆွီဒင် တည်ဆောက်ပြီ

ဆွီဒင်နိုင်ငံမြောက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ဥရောပတာဘိုင်အလုံးပေါင်း ၁၀၀၀ကျော်ပါဝင်မည့် ဥရောပ၏ အကြီးဆုံး လေစွမ်းအင်ထုတ်လုပ်ရေးဒေသကြီးတစ်ခု တည်ဆောက်လျက်ရှိသည်။

အဆိုပါဒေသကို မတ်ဘိုင်ဒင်လေစွမ်းအင် ထုတ်လုပ်ရေးဒေသဟု ခေါ်ဆိုပြီး စတုရန်းကီလိုမီတာ ၅၀၀ကျယ်ဝန်းသည်။ ယင်းလေစွမ်းအင်ထုတ်လုပ်ရေးဒေသသည် ပြင်သစ်နိုင်ငံ ပါရီမြို့၏ အရွယ်အစားထက် ငါးဆပိုကြီးမားသည်ဟု ဆိုသည်။

ယင်းဒေသ၌ ဂျာမနီလေစွမ်းအင် ကုမ္ပဏီကြီးတစ်ခုဖြစ်သော အီနာကွန်း ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိပြီး လေစွမ်းအင် တာဘိုင် ၁၁၀၁လုံးကို ၂၀၂၂ ခုနှစ်အပြီး တည်ဆောက်သွားရန်စီစဉ်ထားကြောင်း၊ ၎င်းလေစွမ်းအင်ထုတ်လုပ်ရေးဒေသကြီး တည်ဆောက်ပြီးသွားပါက နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးမှ ထုတ်လုပ်ပေးနိုင်မည့် စွမ်းအင်နှင့်ညီမျှသော ဓာတ်အားများ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (အင်တာနက်)

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်စက်ရုံ

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၌ ကမ္ဘာ့အကြီးဆုံး နေစွမ်းအင် စက်ရုံကြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ဇူလိုင် ၄ရက်၌ ကြေညာလိုက်သည်။

အဆိုပါ စီမံကိန်းသည် အကျယ်အားဖြင့် ဧက ၁၉၀၀ ကျယ်ဝန်းသည်။ အလုပ်အကိုင် အခွင့်အလမ်း ၅၀၀၀ကျော် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အရီဇိုးနား နေစွမ်းအင်စက်ရုံကြီး တည်ဆောက်ပြီးစီးပါက နေအိမ် ၇၀၀၀၀ကျော်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကာ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှင့်မှုကိုလည်း လျှော့ချနိုင်မည်ဟု ဆိုသည်။ (ဝဲပုံ)

(အင်တာနက်)

မိုးစပါးစိုက်ပျိုးပွဲတော်နှင့် လက်ဖက်စိုက်ပွဲတော် ချင်းပြည်နယ်ဥက္ကဋ္ဌ တက်ရောက်

နေပြည်တော် ဇူလိုင် ၅

ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်ငိုင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၁၇ရက် နံနက်ပိုင်းက တွန်းဇန်မြို့နယ် ဇမ်းပီးကျေးရွာ၊ ဒါရ်ခိုင်းကျေးရွာများသို့သွားရောက်ပြီး ကျေးလက်ပြည်သူများနှင့်တွေ့ဆုံကာ တာဝန်ရှိသူများ၏တင်ပြမှုအပေါ် ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇွန် ၁၈ရက် နံနက်ပိုင်းက တွန်းဇန်မြို့ သစ်ပင်စိုက်ပွဲတော်သို့တက်ရောက်ပြီး တက်ရောက်လာကြသူများနှင့် သတ်မှတ်နေရာများတွင် စိုက်ပျိုးပင်များကို တပျော်တပါးစိုက်ပျိုးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် သိုင်းငင်း-တီးတိန်လမ်းပိုင်းမြေပြိုမှုများ ဖယ်ရှားမှုကိုလည်းကောင်း၊ ဖလမ်းမြို့နယ် လုံဘမ်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း မြေပြိုမှုပြုပြင်ထိန်းသိမ်းမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

သရုပ်ပြ

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇွန် ၁၉ ရက်က ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာ လက်ဖက်စိုက်ပွဲတော်သို့ တက်ရောက်အားပေးပြီး ဒေသခံပြည်သူများ တပျော်တပါးစိုက်ပျိုးနေမှုနှင့်ခရိုင်မန်နေဂျာတို့က လက်ဖက်ကိုင်းဖြတ်ထိုး ပျိုးထောင်နည်းသရုပ်ပြပေးမှုတို့ကို အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သံတောင်ကြီး၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

သံတောင်ကြီး ဇူလိုင် ၄

သံတောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှကျင်းပသော ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၂ရက် နံနက် ၈နာရီက ဘောဂလိမြို့နယ် သပြေညွှန့်ကျေးရွာ အထကကျောင်းဝင်း၌ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ဒေသခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်သူရ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးပေါမောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၄၈၀ခန့် တက်ရောက်ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ ကံ့ကော်အပါအဝင် ပျိုးပင်ပေါင်း ၁၅၀၀ကို စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်း ထွေတလာ

ကယားပြည်နယ် လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သော နမ့်ကွတ်ကျေးရွာနှင့် ဒေါတခြားကျေးရွာ ဆက်သွယ်သည့် ကျေးလက်ကျောက်ချောလမ်း ပေ၃၄၀၀×၁၂ပေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်ထွန်း ရှင်းလင်းတင်ပြစဉ် (မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပျိုးပွဲ ကြို့ပင်ကောက်၌ ကျင်းပ

ကြို့ပင်ကောက် ဇူလိုင် ၃

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် အနောက်တောင်ရပ်ကွက် ဦးမူ သောက်သုံးရေကန်တွင် ဇူလိုင် ၁ရက် နံနက်၈နာရီက မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့တို့က ဦးဆောင်၍ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်ရီနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၂၅၀တို့သည် ဦးမူ သောက်သုံးရေကန် ပတ်လည်တွင် ခရေ ၇၅ပင်၊ ရေတမာ၇၅ပင်၊ အော်ရီးရှား ၇၅ပင်၊ မဟော်ဂနီ ၇၅ပင် စုစုပေါင်းပျိုးပင် ၃၀၀ကိုစိုက်ပျိုးကြသည်။ **(အောက်ပုံ)(၁၈၀)**

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် အထက(၂) ကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ဇွန်၃၀ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကတ္တရာလမ်းသစ်နှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ မိုးကုတ်မြို့နယ်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၅

မိုးကုတ်မြို့နယ် ပိန်းပြစ်ကျေးရွာအုပ်စု လီဆူ (၇)မိုင် ကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ပိန်းပြစ်အောက်ရွာ မူလတန်းလွန် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများကို ဇွန်၁၈ရက် နံနက်ပိုင်းက ကျင်းပရာ ပထမဦးစွာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို သတ်မှတ်ထားသည့် မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိဦးပြည်စိုး၊ အလှူရှင် မိုးကုတ်မြို့ အောင်ချမ်းသာရပ်နေ ဦးအောင်သိန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ ပိန်းပြစ်အောက်ရွာ အမှတ်(၂၄) မူလတန်းလွန် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကိုကျင်းပရာ ဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်၊ လက်ထောက်ပညာရေးမှူးဦးသိန်းစိုးနှင့် အလှူရှင်ဦးအောင်သိန်းတို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ ဗိုလ်မှူးကြီးဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ပညာရေးမှူးက ကျောင်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး အလှူရှင်ဦးအောင်သိန်း-ဒေါ်ခင်တင့် မိသားစုက ကျောင်းနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ပူးပေါင်း

ယခုဖွင့်လှစ်သော ကတ္တရာလမ်းသစ်နှင့် နှစ်ထပ်ကျောင်းဆောင်သစ်တို့ကို မိုးကုတ်မြို့ အောင်ချမ်းသာရပ်နေ ဦးအောင်သိန်း-ဒေါ်ခင်တင့်မိသားစုက ကတ္တရာလမ်းသစ်အတွက် အလှူငွေကျပ်၇၇သိန်း၊ နှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်၂၅၅သိန်း စုစုပေါင်းအလှူ ငွေကျပ် ၃၃၂သိန်းကို မတည်လှူဒါန်းခဲ့ပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ **(သတင်းစဉ်)**

စိမ်းလန်းစိုပြည်ရေးနှင့် မြေယာရှုခင်းအလှပြုပြင်

တနိုင်း ဇွန် ၂၈

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းသည် ဇွန် ၁၀ရက်က စည်းလုံးခြင်းအင်အား ရပ်တုဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် မြေယာရှုခင်း အလှပြင်ဆင်ခြင်း၊ ကပ်တုံးနှင့် မီးဆိုင်းများ တပ်ဆင်ထားရှိခြင်း လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာသို့ ကွင်းဆင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းက ရှင်းလင်းတင်ပြပြီး လိုအပ်သည်များကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးက ဖြည့်စွက် မှာကြားသည်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲ/ပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု သရုပ်ပြပွဲကို ဇွန် ၃၀ရက် ည ၇နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တာချီလိတ်ခရိုင် ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ထူးမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေး ကြည့်ရှုကြသည်။

သရုပ်ပြ

ရှေးဦးစွာ အခမ်းအနားကို တာလော့ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ၏ အာဆီယံအကဖြင့် ဖွင့်လှစ်ပြီး အခြေခံပညာအလယ်တန်းကျောင်းခွဲ (ပုန်းထွန်)မှ ကျောင်းသား ကျောင်းသူလေးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ပြီးနောက် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာဝတ်စားဆင်ယင်မှုကို သရုပ်ပြသကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင် ၁၅ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမဆုရ မအိဇင်ဖြိုး(တာလော့ရပ်ကွက်)၊ ဒုတိယဆုရ မသဇင် (လားဟူယဉ်ကျေးမှုအဖွဲ့)၊ တတိယဆုရ နန်းစံဖောင်း(အထက-ဆန်ဆိုင်း) တို့အား တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချောစုဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

(၀၁၆)

ဂန့်ဂေါခရိုင် ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ သင်တန်း ဟောပြောပို့ချ

ရန်ကုန် ဇူလိုင် ၅

စစ်ကိုင်းတိုင်း ဂန့်ဂေါခရိုင် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းကို ဇွန် ၂၁ရက်မှ ၂၈ရက်အထိ ကျောက်ထု၊ လောင်းရှည်နှင့် ဆောမြို့တို့၌ ဖွင့်လှစ်ရာ ဂန့်ဂေါခရိုင်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် အဖွဲ့ဝင်ဦးညွန့်ဆောင်တို့က ဟောပြောပို့ချကြပြီး တက်ရောက်လာကြသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

6-7 (16).pmd 1 7/6/2010, 1:49 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ကမန်အမျိုးသားတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၉/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၇၉/၂၀၁၀)
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၁၀ပြည့်နှစ် ဇူလိုင်လ ၅ ရက်)

ကမန်အမျိုးသားတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ် (၄၆၀)၊ (၄လွှာ)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ကမန်အမျိုးသားတိုးတက်ရေးပါတီအား ၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၅ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကမန်အမျိုးသားတိုးတက်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၃၆)ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဇူလိုင် ၅

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က) နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဇွန် ၂၉ရက်တွင် မြို(ခေါ်) ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့ (မ-ခ-မ-ည-ဖ) MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (M.K.N.S.O) ပါတီကလည်းကောင်း၊ ယနေ့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကလည်းကောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လာရောက်တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ
၅-၇-၂၀၁၀

နေပြည်တော်တပ်ကုန်း	၀	ဒသမ	၉၈	လက်မ
ညောင်တုန်းမြို့	၂	ဒသမ	၆၅	လက်မ
စစ်တွေမြို့	၂	ဒသမ	၀၉	လက်မ
ကျောက်ဖြူမြို့	၂	ဒသမ	၀၉	လက်မ
ဟုမ္မလင်းမြို့	၂	ဒသမ	၀၅	လက်မ
ခန္တီးမြို့	၀	ဒသမ	၉၇	လက်မ